

# ရခိုင်စတူပါကျောက်စေတီငယ်များ

မင်းပြားမင်းသိန်းဇံ

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓါနကျသောတာဝန်ဖြစ်သည်

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့် ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အ ကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပုံနှိပ်ထုတ်ဝေမှုမှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုအမှတ် | ■ | ၄၈၀/၂၀၀၃ (၇) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ■ | ၅၇၆/၂၀၀၃ (၁၀) |
| ထုတ်ဝေသူ | ■ | ဦးလှမြင့် (၇၄၀)<br>ရခိုင်သားကြီးစာပေ<br>ခ/၅၅၊ ကျွန်းရွှေဝါလမ်း၊ ဘုရင့်နောင်<br>ရန်ကုန် |
| ပုံနှိပ်သူ | ■ | ဒေါ်ခင်ခင်ဝင်း၊ ကလျာအော့ဖ်ဆက်<br>၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊<br>သုဝဏ္ဏ၊ ရန်ကုန်မြို့။ |
| စီစဉ်သူ | ■ | ရခိုင်လှမြင့် |
| ထုတ်ဝေသည့် ကာလ | ■ | ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | ■ | ၅၀၀ |
| တန်ဖိုး | ■ | ၁၀၀၀ ကျပ် |
| အတွင်းဖလင် | ■ | အောင်တင်အေးနှင့် သမီးများ<br>၃၃ လမ်း၊ ရန်ကုန်မြို့။ |
| စာစီစာပြု | ■ | မခင်စီ၊ မသီတာဆွေ<br>ရခိုင်သားကြီးကွန်ပျူတာ |
| အတွင်းစာမျက်နှာဖွဲ့စည်းမှု | ■ | မြတ်သာထွဏ်း |
| မျက်နှာဖုံးဒီဇိုင်း | ■ | ဦးခင်မောင် |

# မာတိကာ


– **အခန်း (၁)**
စတူပါကျောက်စေတီငယ်များနှင့် သုတေသန **၁၅**

– **အခန်း (၂)**
စတူပါ အမည်တွင်ခေါ်ခြင်းနှင့် တည်ရှိနေပုံ **၂၀**

– **အခန်း (၃)**
စတူပါတစ်ဆူတွင် ပါဝင်သည့် အစိတ်အပိုင်း **၂၆**

– **အခန်း (၄)**
စတူပါများကို သမိုင်းအမြင်ဖြင့် ထင်ဟပ်ကြည့်ခြင်း **၃၀**

– **အခန်း (၅)**
ရခိုင်ပြည်နယ်အရပ်ရပ်မှစတူပါကျောက်စေတီငယ်များ **၅၁**

– **အခန်း (၆)**
စတူပါများ တည်ရှိရာ အွန်းဇယား **၆၀**

– **အခန်း (၇)**
သုံးသပ်ချက် **၁၆၁**

– **အခန်း (၈)**
နိဂုံး **၁၆၃**



# မင်းပြားမင်းသိန်းဇံ၏ ကိုယ်ရေးအကျဉ်း

မင်းပြားမင်းသိန်းဇံ (အမည်ရင်း မောင်သိန်းဇံ)ကို အဖ ဦးလှဘော်ဇံ (ကုန်သည်)၊ မိခင် ဒေါ်မွန့်တို့ထံမှ ၁၉၆၁–ခုနှစ်၊ ဖွန်လ (၂၃)ရက် သောကြာနေ့တွင် မင်းပြားမြို့၊ လမ်းမတော်ရပ်ကွက်၌ မွေးဖွားခဲ့သည်။ ၁၉၇၆–ခုနှစ်မှစ ကဗျာ၊ ဝတ ္ထုများကို အစမ်းလေ့ကျင့် ရေးသားခဲ့သည်။ ၁၉၈၁–ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ဒို့ကျောင်းသားစာစောင်တွင် ‘ရခိုင်စကားပုံ’အမည်ရှိ ဆောင်းပါးဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ ယင်းနောက် မြဝတီမဂ္ဂဇင်းတို့တွင် ဆောင်းပါးများ ရေးသားခဲ့သည်။

၁၉၈၄–ခုနှစ်မှစ ရခိုင်သမိုင်းနှင့် ယဉ်ကျေးမှုသုတေသနလုပ်ငန်းများကို ကွင်းဆင်းလေ့လာခဲ့ပြီး ရခိုင်ပြည်နယ်ထုတ် မဂ္ဂဇင်းများတွင် ဆောင်းပါးများ ရေးသားခဲ့သည်။

ယနေ့ထိ မဂ္ဂဇင်းများတွင် ဆောင်းပါး(၄၀)ခန့် ရေးသားခဲ့ပြီး လုံးချင်းစာအုပ် (၂)အုပ်ကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။

မင်းပြားမင်းသိန်းဇံအပြင် မောင်မှန်းအောင် (ကျိန်းမြေ)၊ ခိုင်ကျော်မြတ် ကလောင်အမည်ဖြင့် လည်းကောင်း ဆောင်းပါးရေးသားခဲ့သည်။ အစိုးရကျောင်းပညာကို ဘီအေတန်းအောင်သည်အထိ သင်ကြားခဲ့သည်။ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အဖွဲ့ဝင်နံပါတ် (၃၂၅၇) ဖြစ်ပါသည်။

## စာရေးသူ၏အမှာ – ၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ကရင်၊ ကယား၊ ချင်း၊ ကချင်၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော တိုင်းရင်းသားပေါင်းစုံတို့သည် ဥမကွဲသိုက်မပျက် အတူတကွ ယှဉ်တွဲကာ နေထိုင်လျက်ရှိနေကြ၏။

ထိုထိုသောတိုင်းရင်းသားတို့၌ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ ိုးရာယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာ ဓလေ့စသည်တို့သည် သူ့လူမျိုးနှင့်သူ အသီးသီးတည်ရှိနေကြ၏။

ရခိုင်တိုင်းရင်းသားတို့တွင်လည်း ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ ိုးရာယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာ စသည်တို့သည် အခြားလူမျိုးများကဲ့သို့ တစ်သီးတစ်ခြား တည်ရှိနေ၏။

အထူးသဖြင့် ရခိုင်တို့သည် ရှေးနှစ်ပေါင်းများစွာကပင် ဗုဒ္ဓဘာသာဝင်များ ဖြစ်ခဲ့ကြသည်နှင့်အညီ ယုံကြည်ကိုးကွယ်မှု၊ ိုးရာယဉ်ကျေးမှု၊ ဘာသာစကား၊ ထုံးတမ်းစဉ်လာဓလေ့တို့သည် ဗုဒ္ဓဘာသာကို အခြေခံလျက် ဆက်နွယ်တည်ရှိနေခြင်းမျိုး ဖြစ်ပေ၏ ။

ဗုဒ္ဓဘာသာကိုအခြေခံ တည်ရှိနေခဲ့သည့်အလျောက်လည်း ရခိုင်တို့သည် ရှေးနှစ်ပေါင်းများစွာကပင် ယုံကြည်ကိုးကွယ်မှု၌ ဗုဒ္ဓဆင်း

တုတော်အမျိုးမျိုးကို ထုလုပ်ပူဇော်ခဲ့ခြင်း၊ စေတီပုထိုးများစွာကို တည်ထားလျက် ပူဇော်ခဲ့ခြင်း၊ သိမ်ကျောင်းဇရပ်တို့ကို ဆောက်လုပ် လှူဒါန်းခဲ့ခြင်း၊ ရေတွင်းရေကန်များကိုလည်း တူးဖော် ဒါနပြုခဲ့ခြင်း စသည်တို့ ရှိခဲ့ကြ၏ ။

ထိုသို့ ကုသိုလ်ပြုတည်ထားကြရာ၌ (စတူပါ)ဟူသော ကျောက်စေတီငယ်တစ်မျိုးကိုလည်း ဗုဒ္ဓဘာသာကိုးကွယ်မှု အထိမ်းအမှတ်တစ်ခုအဖြစ် ရှေးကထုလုပ်လျက် ပူဇော်ခဲ့ကြောင်း သိရှိရပေ၏။

'စတူပါ'ဆိုသည်မှာ စေတီပင် ဖြစ်ပေ၏။ ယခုတင်ပြမည့် စတူပါသည် ကျောက်တစ်လုံးတည်းကို ထုဆစ်ပုံဖော်ထားသော စေတီငယ်တစ်မျိုးပင် ဖြစ်ပေ၏။ ဤစတူပါငယ်များကို ရခိုင်တို့သည် ရှေးအခါက ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုတစ်ခုအဖြစ် ထုလုပ်လျက် ပူဇော်ခဲ့ကြ၏။ ယနေ့တိုင် ရခိုင်ဒေသအနှံ့အပြား၌ ထိုစတူပါငယ်များကို မြင်တွေ့နိုင်ပေ၏။ စတူပါများကို ရှေးက ထုလုပ်ပူဇော်မှု ရှိခဲ့ကြသော်လည်း ယနေ့အခါ ထုလုပ်ခြင်း၊ ပူဇော်ခြင်း နည်းပါးသွားလေပြီဖြစ်၏။

ယခု ဤစာအုပ်ငယ်၌ ရှေးက ရခိုင်တို့၏ ဗုဒ္ဓဘာသာကိုးကွယ်မှု နယ်ပယ်မှ စတူပါကိုးကွယ်ခြင်းကို တင်ပြထားခြင်းဖြစ်၏။ ပြည်ထောင်စုဝင် တိုင်းရင်းသားအပေါင်းတို့သည် ရခိုင်မှ စတူပါအကြောင်းကို ဤစာအုပ်ငယ်၌ ဖတ်ရှုလေ့လာနိုင်ကြမည် ဖြစ်ပေ၏။

လေးစားစွာဖြင့် ---

**မင်းပြားမင်းသိန်းဖုံ**

## စာရေးသူ၏အမှာ –၂

ကျွန်ုပ်သည် စတူပါ(ကျောက်စေတီ)ငယ်များကို ခရစ်–၁၉၈၀ ပြည့်နှစ်လောက်မှစ တွေ့ဖူးမြင်ဖူးခဲ့၏။ ထို့နောက် ဆံတော်ရှင်ဘုရား သမိုင်းကို ဖတ်ရှုလေ့လာရာတွင်လည်းကောင်း၊ ဆရာကြီးဦးစံသာအောင်၏စာအုပ်မှ စတူပါများကို မြင်တွေ့လေ့လာရသည့်အခါတွင် လည်းကောင်း စတူပါနှင့် ပိုမိုတရင်းတနှီးရှိလာခဲ့၏။

ကျွန်ုပ်သည် ခရစ် ၁၉၈၆–ခုနှစ်လောက်မှစ မင်းပြားမြို့နယ် စအင်းရွာဟောင်းသို့ သွားရောက် စတူပါများကို လေ့လာခဲ့၏။ မှတ်တမ်းဓါတ်ပုံရိုက်ယူလျက် အချက်အလက်များကို စုဆောင်းခဲ့၏။ ၁၉၉၆–ခုနှစ်တွင် မြေပုံမြို့ အငူဓါတ်တော်မှ စတူပါများကိုလည်းကောင်း၊ မင်းပြားမြို့နယ် အိုးပုံတောင်ရွာမှ စတူပါများကိုလည်းကောင်း ကွင်းဆင်းလေ့လာ မှတ်တမ်းတင်ခဲ့၏။

ကျွန်ုပ်သည် ရှေးဟောင်းရခိုင်အမွေအနှစ်များကို လေ့လာစုဆောင်းနေရင်း ရရှိလာသော စတူပါများကိုလည်း တစ်ဘက်တစ်လမ်းမှ စုဆောင်း လေ့လာနေခဲ့၏။ ခရစ် ၂၀၀၀–ပြည့်နှစ်တွင် ပေါက်တောမြို့နယ်၊ တောင်ရင်းကျွန်းမှ စတူပါများကိုလည်းကောင်း ဆံတော်ရှင်ကျွန်းမှ

စတူပါများကို လည်းကောင်း၊ ပုဏ္ဏားကျွန်းမြို့မှ စတူပါများကို လည်း ကောင်း လေ့လာမှတ်သားနိုင်ခဲ့၏။

ခရစ် ၂၀၀၁–ခုနှစ်တွင် မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ် မှ စတူပါများကို ဒေသခံတို့၏ အကူအညီဖြင့် စုဆောင်းလေ့လာနိုင်ခဲ့ ပေ၏။

ခရစ် ၂၀၀၁–ခုနှစ်တွင် ဖေဖော်ဝါရီလတွင် ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ တောင်ကုတ်မြို့နယ်များသို့ သီးသန့်ခရီးထွက် စတူပါ များကို လေ့လာခဲ့၏။ ထိုနှစ်မေလတွင် အမ်းမြို့နယ် ဒလက်ချောင်း သို့ သွားရောက် စတူပါများကို လေ့လာခဲ့၏။

ဤသို့ဖြင့် ကျွန်ုပ်သည် ရခိုင်ပြည်နယ် အရပ်ရပ်မှ စတူပါများကို လေ့လာစုဆောင်းလာခဲ့ရာ စာရင်းအရ စတူပါ(၁၂၃)ဆူ ရရှိခဲ့၏။ မျက် ဝါးထင်ထင် စတူပါပေါင်း (၇၀)ကျော်ကို နဖူးတွေ့ဒူးတွေ့ လေ့လာ နိုင်ခဲ့ပေ၏ ။

ဤစာအုပ်၌ ဦးတည်ရေးသားချက်သည် ရခိုင်ပြည်နယ်မှ စတူပါ အရေအတွက်ကို ဖော်ထုတ်လိုသော ရည်ရွယ်ချက် အဓိကမဟုတ်ပဲ ကျွန်ုပ်ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသော စတူပါများ မှ အယူအဆ၊ အတွေးအခေါ်၊ အတွေ့အကြုံ၊ အထောက်အထား စ သည်တို့ကိုသာ ဖောင်းပေး တင်ပြလိုခြင်းဖြစ်ပေ၏။

စာဖတ်သူများ၊ လေ့လာသူများ၊ သုတေသီများ တစ်ဖက်တစ် လမ်းမှ အကျိုးရှိနိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

**မင်းပြားမင်းသိန်းဇံ**

## စာအုပ်စင်မှာနီရာယူဖို့ စာအုပ်တစ်အုပ်

(က)

၈–ရက်၊ နိုဝင်ဘာ၊ ၂၀၀၂–မှာ မမျှော်လင့်ဘဲ မင်းပြားမင်းသိန်း ဖ့် ပေါက်ချလာရေ။ အနှုမှော်ုံသို့ –––။

မိမိရေ အသိုက်မြုံထဲမှာ မဟီ။ လီညင်းတောင်အောက်ရွာ က ထိန်မှာ။ တိုက်ဆိုင်စွာ မိမိနန့်နောက်ပုဂ္ဂိုလ်တစ်ယောက် ငြိမ်းကျော်၏ ‘ငွေတောင်’စာအုပ်ကို ပြောဆို ဆွေးနွေးနီခိုက် –––။

‘ရောက်ကေရောက်ချင်း ဖရဲသီးကိုလုံးပြတ်သွင်း’ ဆိုရေ ရခိုင် ကျေးလက်သဘာဝတေးကဗျာထဲက စာသားချေတစ်ခုပိုင်။ သူ့မှာ ပါ လာရေ စာမူကိုထုတ်ပြီးကေ ဖတ်ပနာအမှာစာရီး ပီးပါလတ်။ ကြည့် ဖိချက်။

(ခ)

ကထိန်ခေတ်ဖြစ်လို့ အလုပ်ကများနီရေလေ။ တစ်ရွာကတစ်ရွာ၊ ထိုရွာက နောက်တစ်ရွာ –––။ ရွာ –––၊ ရွာ –––။

ခက်စွာက အချိန်မပီးနိုင်စွာ။ သူပြောစွာက ၁၀–ရက်၊ နိုဝင်ဘာ၊ ၂၀၀၂ လောက်မှာ လိုချင်ပါရေလတ်။ မခက်လားယေ။ မိမိရေ အား

နာနာနန့် လက်ခံလိုက်ရရေ။ သူအပြန်မှာ သူ့ကိုမိမိဘားက ကျော်ဖံ့သာ၏ 'ရခိုင်ဒေသဟိ ုပ်ပွားတော်များကို သမိုင်းအမြင်နန့် လီလာချက်'၊ ဒေါက်တာသန်းထွန်း၏ 'ရှီးဟောင်း မြန်မာရာဇဝင်'တို့ကို ဖတ်ဖို့ ပီးလိုက်တယ်။ သူနန့်အတူတူပင် ညဇာဖက်သား လားစရာဟိရေ နောက်ရွာသို့။ သူကလေ့ 'ပန်းမြောင်း'သို့ –––။

(ဂ)

မင်းပြားမင်းသိန်းဖံ့ ပစ်တင်ပီးခရေ ဝန်ထုပ်ဝန်ပိုးကို လက်ခံထမ်းယူလာ။ ချောင်းသစ်ရွာမှာ သူများကိုပင် အားမနာပါးမနာ ဖတ်ရှုကြည့်ပါရေ။

ဟုတ်ပါရေ။ မင်းသိန်းဖံ၏ 'ရခိုင်စတူပါ (ကျောက်စေတီ)ငယ်များ'ကို ဖတ်ကြည့်ပါရေ။ ရခိုင်ဒေသ တနံတလျားကို ခြီစကြာဖြန့် ရှာဖွီထားရေ စတူပါ(ကျောက်စေတီ)တိဆိုစွာ တွိရရေ။

မိမိို့ ရခိုင်စာပီနယ်ထဲမှာ လိုင်းတစ်လိုင်းကို ပီပီပြင်ပြင် ဖော်ဆောင်နီသူစာရင်းထဲမှာ မင်းသိန်းဖံကို ချန်ထားခလို့မဖြစ်။ သူရေ သမိုင်းသုတေသနကို စာအုပ်ထဲမှာ မပြု၊ ကမ္ဘာမြီပြင်ထဲမှာ ပြုနီသူ။ သူ ရောက်လီရာရာမှာ သမိုင်းုပ်ကြွင်းတိကို ဖော်ထုတ်မှတ်တမ်းတင်နီရေကလောင်။ မိမိအိတ်ထဲမှဖေသာကို မငဲ့ကွက်ပဲ သမိုင်းသုတေသန ခရီးစရိတ်အဖြစ်ရာ သုံးနီသူ။ ပေိုင်လုပ်သူ ဇာနှစ်ယောက် ဟိပါလေးပြော။ ရခိုင်စာပီနယ်ထဲက ယှားပါးရေ ဇော်သားကောင်ဆိုကေ လွန်ပါဖို့လားယှင့် –––။

(ဃ)

ခြီတိုအောင်လားထားရေ 'စတူပါသုတေသန'မိသားစု စားရီး

သောက်ရီးထက်ပင် သုတေသနခရီးထွက်ခြင်းမှာ ူးသွပ် ခရေဇီဖြစ် သူတစ်ယောက်၏ သုတေသန။ ထိုမှပေါ်ထွက်လာရေ အသီးအပွင့်။ ထိုအသီးအပွင့်ကို စာဖတ်သူ ဖတ်ကြည့်ပါ။ မိမိကတော့ မီဒီယာအသီး သီးထဲက မော်ဒယ်ဘွိုင်းမဟုတ်ပါ။ ယေနန့် ကြော်ငြာစကား မဆိုရပါ စီကေ့။

တစ်ခုဟိစွာကတော့ စတူပါသုတေသနစာအုပ်ချေရေ ရခိုင်လို့ အမည်နာမခံရရေအချိန်တည်းက ဒေနိထက်ထိ တစ်ကြိမ်တစ်ခါမှ ပေါ် ထွက်လာခြင်း မဟိသိရေစာအုပ်တစ်အုပ် ဖြစ်ပါရေ။ တစ်နည်းပြောရ ဖို့ဆိုကေ စတူပါလို့ ထင်ထင်ရှားရှားသိအောင် စတင်လုပ်ပီးခသူ ဆရာ ကြီး ဦးစံသာအောင်၊ ဆရာကြီး ဦးသာထွန်း၊ ဆရာမောင်ဗသိန်းို့ လက်စလက်နကို ဆက်လက်ဆောင်ရွက် အကောင်အထည်ဖော်ပီးရေ စာအုပ်ချေဖြစ်တေလို့ဆိုကေ ဇာမှားပါဖို့ရောင်။

ယေနန့် ---၊ စာဖတ်သူက ရခိုင်ရှီးဟောင်းသမိုင်းကို မြတ်နိုး သူဖြစ်ကေ၊ စောအုပ်ချေစာဖတ်သူ၏ စာအုပ်စင်ထက်မှာ နီရာတစ်နီ ရာကတော့ အမှန်ယူပါလိမ့်မေလို့ ရဲဝံ့စွာဆိုရပါစီ။

သာစွလေ ---။

**ယေန္တဗောဓိ (ပန်းအောင်)**

၀၉၁၄၁၀၊ နိုဝင်ဘာ/၂၀၀၂

၁၃၆၄၊ တန်ဆောင်မုန်းလဆန်း၊ ၅-စနီနီ။

# အခန်း (၁)
## စတူပါကျောက်စေတီငယ်များနှင့် သုတေသန

ရခိုင်လူမျိုးတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ဗုဒ္ဓဘာသာဝင်များ ဖြစ်ခဲ့ကြပါသည်။ ဗုဒ္ဓဘာသာဝင်များ ဖြစ်ခဲ့ကြသည်နှင့်အညီ ယုံကြည်ကိုးကွယ်မှုဆိုင်ရာတို့၌ အထိမ်းအမှတ်အဖြစ် မြတ်ဗုဒ္ဓ၏ကိုယ်စားတော်များ ဖြစ်ကြသော ဗုဒ္ဓဆင်းတုတော်များ သွန်းစက်တော်များ၊ ႘ပ်ပွားတော်များ၊ စေတီပုထိုးတော်များကို တည်ထားလျက် ကိုးကွယ်ခဲ့ကြပါသည်။ ယင်းတို့ကို အ႐ိုအသေပြု ကိုးကွယ်ဆည်းကပ်ခြင်းသည် ပင်လျှင် မြတ်ဗုဒ္ဓ၏ သာသနာတော်ကို အလေးအမြတ်ယုံကြည်ကြခြင်းပင် ဖြစ်ပေသည်။

နေအိမ်တိုင်းလိုလိုတွင် ဘုရားဆင်းတုတော်များ၊ ႘ပ်ပွားတော်များ၊ ဗုဒ္ဓ႘ပ်ပုံကားချပ်များကို မင်္ဂလာရှိသော အိမ်ဦးခန်းမတို့၌ တစ်ခမ်းတစ်နားစီဆင်ယင်ကာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ပူဇော်လေ့ရှိကြသည်။ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်တရားများကို ပွားများလေ့ရှိကြသည်။

ဘုရားဆင်းတုတော်၊ ႘ပ်ပွားတော် ၊ စေတီပုထိုးတော်စသည်တို့

ကို တည်ထားခြင်းမှာလည်း ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်ကိုးကွယ်ခြင်း အထိမ်းအမှတ်တစ်ခု ဖြစ်သည့်အလျောက် သာသနာတော်၏အကျိုးကို အဓွန့်ရှည်ကြာမြင့်အောင် ဆောင်ရွက်ခြင်းဖြစ်ပြီး ဗုဒ္ဓသာသနာထွန်း လင်းစေရန်ကို အားပေးချီးမြှောက်ခြင်းလည်း မည်ပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ရခိုင်တို့သည် ရှေးကာလခေတ်အဆက် ဆက်ကပင် ဘုရားတည်ခြင်း၊ စေတီတည်ခြင်း၊ ပုထိုးတည်ခြင်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဆောက်လုပ်ခြင်း၊ ရေတွင်းရေကန်တူးဖော်ခြင်း အစရှိ သော ကုသိုလ်ဒါနများကို ပွားများဆောင်ရွက်ခဲ့ကြသည်။

ဤတွင်ရှေးအခါက ရခိုင်တို့တည်ထားခဲ့ကြသော စေတီပုထိုး များထဲမှ စိတ်ဝင်စားဘွယ်ကောင်းသည့် စေတီတစ်မျိုးကို ယခုအခါ တွေ့လာရသည်။ ယင်းစေတီမှာ အများသူငှာ မြင်နေကျ၊တွေ့နေကျ စေတီပုထိုးမျိုး မဟုတ်ကြပဲ၊ အရွယ်အစားအားဖြင့် ငယ်ရွယ်ပြီး ကျောက် တစ်လုံးတည်းကို ဖွဲ့စည်းတည်ဆောက်ထားသော (ကျောက်စေတီငယ် ကလေးများ)ပင် ဖြစ်ကြပါသည်။

'စတူပါ'ဟူ အသိအမှတ်ပြု တွင်ခေါ်နေကြသော ကျော်စေတီ ငယ်များကို ယနေ့အခါ ရခိုင်ပြည်နယ် တစ်ဝှမ်းလုံး၌ တွေ့မြင်နေ ကြရသည်။ ရခိုင်ပြည်နယ် တောင်ပိုင်းရော၊ မြောက်ပိုင်းပါ တွေ့ရှိနေရ ခြင်းဖြစ်ပါသည်။

ယခင်က ဤစတူပါကျောက်စေတီငယ်အကြောင်းကို လေ့လာ ဖော်ထုတ်တင်ပြမှု မရှိခဲ့ကြ သိရှိခွင့်မရရှိနိုင်ခဲ့ကြပေ။

တနည်းအားဖြင့် သမိုင်းတွင် ကွင်းဆက်ပြတ်တောက်ခဲ့ရမှုတို့ ကြောင့် 'စတူပါ'ဟူ ခေါ်တွင်နေကြသော ကျောက်စေတီငယ်များမှာ မီးခဲပြာဖုံးအဆင့်တွင်သာ ရှိနေခဲ့သည်။ အချို့က စတူပါကျောက်စေတီ ငယ်များကို သိမ်သမုတ်တိုင်ဟူ လည်းကောင်း၊ စေတီပျက်အပေါ်မှ

ကျိုးပဲ့လာကျသည့် အစိတ်အပိုင်းဟူ လည်းကောင်း၊ နယ်ခြားမှတ် တိုင်အဖြစ်ဖြင့်လည်းကောင်း သိမြင်နေခဲ့ကြခြင်းမျိုးဖြစ်သည်။

လွန်ခဲ့သော ၂၅–နှစ်ကျော်ကာလက သုတေသီများ လေ့လာဖော် ထုတ်နိုင်ခဲ့မှုကြောင့် စတူပါကျောက်စေတီငယ်များမှာ တစ်သီတစ်သန့် ပေါ်ထွက်လာခဲ့ရသည်။ ရခိုင်သမိုင်းတွင် (စတူပါ)(Stupa) ဟူသော အ ခန်းကဏ္ဍသည် ပီပြင်လို့လာခဲ့ရပါသည်။

အထူးသဖြင့် အထက်တန်းပညာဦးစီးဌာန၊ ၂ နိုင်ကြားရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့သူ ဆရာကြီး ဦးစံသာအောင်(ကွယ်လွန်)သည် ကျောက်စေတီငယ်များမှာ စတူပါများဖြစ်ကြောင်းကို ဦးစွာလေ့လာ ဖော်ထုတ်ပေးခဲ့သည်။

ဆရာကြီး ဦးစံသာအောင် ရေးသားထုတ်ဝေခဲ့သော (THE BUDDHIST ART OF ANCIENT ARAKAN) စာအုပ်၊ အခန်း(၅)တွင် ကျောက် တော်မြို့နယ် စတူပါသုံးဆူကို ဓါတ်ပုံများနှင့်တကွ ရှင်းလင်းတင်ပြ ခဲ့သည်ကို တွေ့ရသည်။

ထို့နောက် အခြားသုတေသီများကလည်း မိမိအရပ်ပတ်ဝန်းကျင် တွင် တွေ့မြင်နေကြရသော စတူပါများကို ဖော်ထုတ်လာကြသည်။ ဤတွင် မြို့နယ်ပညာရေးမှူး(ငြိမ်း) သုတေသီမောင်ဗသိန်းသည် ဆံ တော်ရှင်ကျွန်းအနှံ့သို့ ခြေဆန့်ခဲ့ပြီး စတူပါ(၃၁)ဆူကိုလေ့လာ ဆံ တော်ရှင်ဘုရားသမိုင်းတွင် ထည့်သွင်းတင်ပြနိုင်ခဲ့သည်။ ဆရာကြီးသည် အခြားသော ပေါက်တောမြို့နယ်၊ တောင်ရင်းကျွန်း၊ ကြိမ်ချွေမော်ရွာ မှ စတူပါများကိုလည်းကောင်း၊ ဘူးသီးတောင်မြို့နယ် ဒုံးသိမ်မှ စတူပါ ကို လည်းကောင်း လေ့လာဖော်ထုတ်ပေးခဲ့သည်။

ဩစတျေးလျနိုင်ငံသူ ပန်မလာဂတ်မင်ကလည်း သူမ၏ ပါရဂူ ဘွဲ့စာတမ်းဖြစ်သော စာအုပ်တွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်မှ

စတူပါအချို့ကို သူမ၏စာတမ်း၌ ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရသည်။

ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီမှ ထုတ်ဝေသော ပြည်နယ်ဖြစ်စဉ်သမိုင်း (ယဉ်ကျေးမှု ကဏ္ဍ)တွင်လည်း ရခိုင်မှစတူပါအကြောင်းကို အနည်းငယ်မျှ ရှင်းလင်းထားသည်။

သုတေသီအောင်လှသိန်းသည် ၁၉၈၄–ခုနှစ်၊ ဧပြီလက မင်းပြားမြို့မှ ဆရာဦးအောင်မင်း (မင်းသျှင်အောင်)နှင့်အတူ မင်းပြားမြို့နယ် စအင်းရွာဟောင်းသို့ သွားရောက်ပြီး စတူပါများကို လေ့လာကာ ရခိုင်ပြည်နယ်မဂ္ဂဇင်းတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားတင်ပြခဲ့သည်။

ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)ကလည်း သူ၏ 'ဗုဒ္ဓအနုပညာလက်ရာ' စာအုပ်တွင် စတူပါအကြောင်းကို အကျဉ်းသဘောမျှ ဖော်ပြခဲ့ဖူးသည်။

ဆရာဦးအလုံးမောင်သည် ဝေသာလီအထူးထုတ်ရခိုင်မဂ္ဂဇင်းတွင် အင်္ဂလိပ်ဘာသာဖြင့် ပုဏ္ဏားကျွန်းမြို့နယ်မှ စတူပါများ၏အကြောင်းကို လေ့လာတင်ပြခဲ့ဖူးသည်။

မိမိအနေဖြင့်မူ သုတေသီအောင်လှသိန်း တင်ပြချက်များကို ထပ်ဆင့် စအင်းရွာဟောင်းသို့သွားရောက်လေ့လာပြီး မင်းပြားမြို့နယ် တစ်ခုလုံးတွင် တွေ့ရှိရသော အခြားစတူပါများနှင့် တွဲဖက်လျက် 'မင်းပြားမြို့နယ်မှ ဝေသာလီခေတ်အထောက်အထားများ' အမည်ရှိသော ဆောင်းပါးတစ်ပုဒ်ကို ရခိုင့်နှ်ဖူး အမှတ်(၄)တွင် တင်ပြခဲ့ဖူးသည်။ ထို့ပြင် နတ်မြစ်မဂ္ဂဇင်းအမှတ်(၁)တွင်လည်း 'ရခိုင်စတူပါအကြောင်း' ကို ပုံကြမ်းဖြင့်တကွ ရှင်းလင်းတင်ပြခဲ့သည်။

သည့်နောက် အခြားသုတေသီများ ၊ စာရေးဆရာများက မိမိတွေ့မြင်ကြရသော စတူပါ၏အကြောင်းကို မြို့နယ်ထုတ်မဂ္ဂဇင်းတို့၌ အသီးသီးထုတ်ဖော်တင်ပြလာခဲ့ကြသည့်အတွက် စတူပါ၏အခန်းကဏ္ဍ

သည် ယခင်ကထက် ပိုမို ကျယ်ပြန့်လာခဲ့ရသည်။

ရှေးအတိတ်က ရခိုင်ပြည်၏ ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှု၌ ‘စတူပါ’ဟူ တွင်ခေါ်နေကြသော ကျောက်စေတီငယ်များသည် အရွယ်ပမာဏအားဖြင့် ငယ်ရွယ်လှသော်လည်း သမိုင်းတန်ဖိုးအမြင်အားဖြင့် မသေးငယ်လှကြောင်းကို သိရှိလာခဲ့ကြသည်။

# အခန်း (၂)
# စတူပါအမည်တွင်ခေါ်ခြင်းနှင့် တည်ရှိနေပုံ

## ၂–က။ စတူပါဟူသည်

'စတူပါ'ဟူသော စကားရပ်သည် ရခိုင်မြန်မာစကားရပ် မဟုတ်ပါ။ အိန္ဒိယနိုင်ငံသုံး ပါဠိဘာသာမှ ဆင်းသက်လာသော စကားရပ်သာလျှင် ဖြစ်ပါသည်။ စတူပါကို အဘိဓာန်ကျမ်း၌ (စေတီ)ဟူ သာ အနက်ဖွင့်ထားသည်။ အိန္ဒိယနိုင်ငံတွင် တည်ရှိနေကြသော စေတီများကို ယနေ့ထိတိုင် အိန္ဒိယသားတို့က စတူပါ(Stupa)ဟူ သာ ခေါ်ဆိုသုံးစွဲနေကြသည် ။ (ဥပမာ– ဆန်ချီစတူပါ ၊ ဓမ္မေခစတူပါ) တို့သည် စေတီများပင် ဖြစ်ကြပါသည်။

တနည်းအားဖြင့်လည်း စေတီပုထိုးများကို သက တဘာသာ၌ (စဲတျ)[၁]ဟူ ခေါ်တွင်ကြောင်း သိရသည်။ ဟိန္ဒူစကား၌ကား စေတီ

---


[၁] *ဦးစံသာအောင်–*
*အာနန္ဒစန္ဒြရှစ်ရာစု ဝေသာလီမင်း–စာ–၁၃၈*

ကို စတူပါ(ဆတူပါ)ဟူ လည်းကောင်း၊ မိန္ဒြ[၂]ဟူ လည်းကောင်း ခေါ်ဆိုကြောင်း သိရသည်။

သို့ဖြစ် စတူပါများမှာ စေတီများသာလျှင်ဖြစ်ကြပြီး ဗုဒ္ဓဘာသာဝင်တို့နှင့် သက်ဆိုင်သော ယုံကြည်ကိုးကွယ်ရာ သာသနိကအဆောက်အဦးများပင် ဖြစ်ကြသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်ကိုးကွယ်ရာ အစုအပြုံအမို့အမောက်သဘောကို ဆိုလိုလေသည်။ စတူပါများမှာ စေတီ၊ ပုထိုး၊ ဌာပနာတိုက်များ ဖြစ်ကြပါသည်။

## ၂-ခ။ ရခိုင်တွင် ရှေးကခေါ်တွင်ခဲ့ပုံ

ရခိုင်တွင် စတူပါခေါ်တွင်ခြင်းနှင့်ပတ်သက် ဤဝေါဟာရသည်



***ကျောက်စာပုံ(ဃ)***၊ အလျား(၁)ပေ၊ အနံ(၁၀)လက်မ
တောင်ကုတ်မြို့၊ အိုးထိန်းကျောက်စာ

[၂] *ဦးကိတ္တိ –*
*အိန္ဒိယကြေးမုံကျမ်း စာ–၁၅၀ ။*

ပါသည် ။ ယင်းသို့ လေ့လာသည့်အခါ၌ ဝေသာလီခေတ်က ရေးထိုး ခဲ့သည့် ကျောက်စာ (၂)ခုကို တွေ့ရှိလာရပါသည်။

ပထမ ကျောက်စာမှာ တောင်ကုတ်မြို့နယ်မှ အိုးထိန်းကျောက် စာ ဖြစ်ပါသည်။ ကျောက်စာပုံ (ဃ) ကို ရှုပါ။ ယင်းကျောက်စာမှာ အလျား ၁–ပေ၊ အနံ ၁၀–လက်မ ရှိသည်။ စာကြောင်းရေ (၄) ကြောင်း ရေးထိုးပါရှိသည်။ ဘာသာစကားကို ပါဠိဘာသာဖြင့် ရေး ထိုးထားသော်လည်း သက တအနည်းငယ် ရောနှောပါရှိသည်။ စတူပါ သည် (စေတီငယ်)ကို ခေါ်ဆိုကြောင်း သိရသည်။

ဒုတိယကျောက်စာမှာ မြောက်ဦးမြို့ ပြတိုက် စ/၂၃ နံပါတ်စဉ် ဖြင့် ပြသထားသော စတူပါမှ ကျောက်စာဖြစ်ပါသည်။ ကျောက်စာပုံ



ကျောက်စာပုံ(ဂ)

(ဂ) ူပါ ။ ဤစတူပါ၌ ကျောက်စာ စုစုပေါင်း (၇)ကြောင်းပါရှိသည်။ စာကြောင်းရေနံပါတ်(၄)တွင် 'စတူပ'ဟူသည်ကို ထပ်မံတွေ့ရပါသည်။ (စေတီငယ်)ဟူ အဓိပ္ပါယ်ရကြောင်း သိရသည်။

ဤကျောက်စာနှစ်ခုတွင် တွေ့ရှိရသော (စတူပ)စကားရပ်သည် (စတူပါ)ပင် ဖြစ်ပါသည်။ ဝေသာလီခေတ်က ကျောက်စေတီငယ်များကို '(စတူပ)-(ထူပ)-(စတူပါ)'ဟူ ခေါ်ဝေါ်ခဲ့သည်ကို ဤကျောက်စာနှစ်ခုက သက်သေခံနေပါသည်။

ထို့ကြောင့် စတူပါဟူသောစကားကို ရှေးဝေသာလီခေတ်က အမှန်တကယ်သုံးစွဲမှု ရှိခဲ့ကြောင်းကို ယင်းတို့၏ကျောက်စာများက သက်သေခံလျက်ရှိကြပါသည်။

လွန်ခဲ့သော (၂၅)နှစ်ကျော်ကာလက ကျောက်စေတီငယ်များကို တွေ့ရှိလာရသဖြင့် ထိုကျောက်စေတီငယ်များမှာ (စတူပါ)များ ဖြစ်ကြောင်းကို ဆရာကြီး ဦးစံသာအောင်အပြင် ရခိုင်မြန်မာပဏ္ဍိတ် ဆရာကြီး ဦးသာထွန်းတို့က လက်ခံအတည်ပြုခဲ့ကြသည့်အတွက် သမိုင်းအရ ရခိုင်တွင် တွေ့ရှိနေရသော ကျောက်စေတီငယ်များကို 'စတူပါ'ဟူ ခေါ်တွင်ခြင်းသည် သမိုင်းအမြင်အားဖြင့် မှန်ကန်သည်ဟု ဆိုနိုင်ပါသည်။

## ၂-ဂ။ စတူပါတည်ရှိနေပုံ

စတူပါများ၏ တည်ဆောက်ဖွဲ့စည်းထားမှုမှာ ကျောက်တစ်လုံးတည်းကို ထုဆစ် ပုံသွင်းထားခြင်းမျိုး ဖြစ်သည်။ ရခိုင်ပြည်အတွင်း တွေ့ရှိနေကြရသော စတူပါများမှာ အရွယ်အစားအားဖြင့် တစ်ခုနှင့်တစ်ခု မတူညီကြပါ။ အကြီးမားဆုံးမှာ (၅)ပေကျော်ခန့်ရှိပြီး အငယ်ဆုံးမှာ (၂)ပေကျော်အထိ မြင့်ကြသည်။

စတူပါများကို တည်ဆောက်ဖွဲ့စည်းကြရာ၌ သူ့နေရာနှင့်သူ အခန်းလိုက် ပါရှိတတ်ကြသည် ။ တစ်ခုနှင့်တစ်ခုကား အသွင်ပြင်လက္ခဏာမှာ ကွာခြားသော်လည်း အခြေခံမှာ အတူတူပင်ဖြစ်ကြသည်။

စတူပါ၏ အောက်ခြေဖိနပ်ကျောက်ပြားပေါ်တွင် လေးမျက်နှာပါရှိသော ကုဗတုံးကို ဆင့်ထားပြီး ယင်းအပေါ်၌ ခေါင်းလောင်းမှောက်ပုံ၊ သပိတ်မှောက်ပုံကို ဆင့်ထားသည်။ အလယ်တွင် သင်္ကန်းစည်းပါရှိသည်။ အွန်နံ့အဖြစ် ကြားသီးလည်ရစ်ပေါ်တွင် ထုချွန်ကဲ့သို့ အဆင့်ဆင့်ရှိသော ထီးကိုတင်ထားသည်။

ရှေးကျသောစတူပါတို့မှာ လက်ရာကြမ်းတမ်းပြီး ကမ,ည်းအက္ခရာများကို ရေးထိုး မပါရှိကြပေ။ နောက်ကျသော စတူပါတို့၌ကား လက်ရာချောမွေ့ နေလေသည်။

တခါက စတူပါ၏မျက်နှာပြင် သင်္ကန်းစည်းအပေါ်၌လည်းကောင်း သင်္ကန်းစည်းအောက် အနားပတ်ပတ်လည် ပစ ယာအဆင့်တွင် လည်းကောင်း၊ အနားဖောင်းရစ် မျက်နှာပြင်တွင် လည်းကောင်း၊ ကုဗမျက်နှာပြင်တို့တွင်လည်းကောင်း ပန်းကွက်ပန်းနွယ်များကို ထုဆစ်ထားကြသည်။

ဤသို့တွေ့ရှိရသော စတူပါများမှာ လက်ရာအလွန်ချောနေသည့်အတွက် နောက်ပိုင်းကျသော စတူပါများဖြစ်ကြောင်း ယူဆရလေသည်။

အချို့စတူပါများ၌ကား ပန်းကွက်၊ ပန်းနွယ်ခြယ်မှုန်း ပါရှိသည့်အပြင် ကုဗမျက်နှာပြင်လေးခုလုံး၌ ဆင့် ပ်များ၊ ခြင်္သေ့ထိုင်နေဟန်များ၊ စေတီပုံများ၊ ကျောက်စာများ၊ မှန်ကွက်ပုံများကိုလည်း တွေ့ရသည်။

အခြားစတူပါတို့၌မူ လှပစွာ တန်ဆာဆင်ယင်ထားရှိပြီး ဂူငယ်တစ်ခုတည်းကိုသော်လည်းကောင်း ၊ ဂူငယ်လေးခုကိုသော်လည်းကောင်း၊ ဆလင်ဒါ၏ မျက်နှာပြင်အသီးသီး၌ ထုလုပ်ပုံဖော်ထားရှိပြီး ယင်း၏အ

ထဲ၌ကား ဗုဒ္ဓကျောက်ဆင်းတုငယ်များကို ထည့်သွင်းထားကြသည်။ ဗုဒ္ဓကျောက်ဆင်းတုငယ်များ၏ မုဒြာမှာတစ်ခုနှင့်တစ်ခု မတူညီကြပေ။ အစီအစဉ်အတိုင်း ဘူမိဖ မုဒြာ၊ ဓမ္မစကြာမုဒြာ၊ ဈာနမုဒြာ၊ အဘယ မုဒြာစသည်ဖြင့် ပါရှိတတ်ကြသည်။

အချို့လည်း ဆလင်ဒါ၏မျက်နှာပြင်တွင် လည်းကောင်း၊ ကုဗ မျက်နှာပြင်တွင်လည်းကောင်း၊ နံရံကပ်စေတီငယ်များကို ထည့်သွင်း ထားကြသည်။

ကျောက်စာများကိုကား စတူပါ၏မျက်နှာပြင်တွင် လည်းကောင်း အနားဖောင်းရစ်မျက်နှာပြင်တွင် လည်းကောင်း ရေးထိုးလေ့ရှိသည်။ ထိုကျောက်စာမှာ ဂုပ တအက္ခရာဖြစ်ပြီး 'ယေဓမ္မာ ဟေတုပဘဝါ'ဆို သည့် ဂါထာတော်ပင်ဖြစ်သည်။ ဂါထာ၏ တစ်ပိုင်းတစ်စကို လည်း ကောင်း၊ အပြည့်အစုံကိုလည်းကောင်း ယင်းနောက် အလှူပြုလုပ်ချက် များကိုလည်းကောင်း ရေးထိုးလေ့ရှိကြသည်။

# အခန်း (၃)
## စတူပါတစ်ဆူတွင် ပါဝင်သည့် အစိတ်အပိုင်း

ဤအခန်းတွင် စတူပါတစ်ဆူတွင် ပါဝင်သော အစိတ်အပိုင်းများကို အောက်ခြေမှအပေါ်အထိ အခန်းလိုက် ရှင်းလင်းသွားမည် ဖြစ်ပါ ပန်းချီပုံ(က)ဖြင့် ယှဉ်တွဲလျက် လေ့လာနိုင်ပါသည်။

### ၃–က။ ဖိနပ်ခုံ

ဖိနပ်မှာ လေးထောင့်စပ်စပ်ထုရှိသော ကျောက်ပြားတစ်ချပ် ဖြစ်ပါသည်။ ဤကျောက်ပြား၌ အနားကို ချန်လှပ် အလယ်တွင် ထွင်းထုထားသည်။ ဖိနပ်၏အမြင့်မှာ ၅–လက်မ၊ ၇–လက်မ အမျိုးမျိုးရှိတတ်ကြသည်။

ဖိနပ်ကျောက်ပြားကို အနားချန်လှပ် အလယ်၌ထွင်းထုထားခြင်းမှာ အပေါ်မှစတူပါအောက်ခြေ ဖြစ်သော ကုဗပုံကိုဆင့်ရန်အတွက်ဖြစ်သည်။ ကုဗပုံ၏ အောက်ခြေမျက်နှာပြင်နှင့် ဖိနပ်အပေါ်မျက်နှာပြင်တို့မှာ အံဝင်ဂွင်ကျဖြစ်နေအောင် ထုဆစ်ထားခြင်းဖြစ်သည်။ ဖိနပ်ခုံ

သည် စတူပါတစ်ခုလုံး၏ အောက်ခြေတွင် ရှိနေသည်။ သီးခြား အစိတ် အပိုင်းတစ်ခု ဖြစ်သည်။

## ၃–ခ။ ကုဗတုံးပုံ

ကုဗပုံသဏ္ဌာန်တည်ရှိနေသော လေးမျက်နှာပါ ကျောက်တုံးကို ကား ကျောက်တစ်လုံးတည်းဖြင့် တစ်ဆက်တည်း ပြုလုပ်ထားသည်။ စတူပါ၏အောက်ခြေ အစိတ်အပိုင်း၌ တည်ရှိသည်။ မျက်နှာပြင်လေးခု ရှိသည်။ အချို့သော မျက်နှာပြင်တို့၌ ကျောက်စာများကိုလည်းကောင်း၊ မှန်ဘောင်အကွက်များကို လည်းကောင်း၊ အုပ်များကိုလည်းကောင်း၊ ပန်းကွက်များကို လည်းကောင်း၊ စေတီပုံငယ်များကိုလည်းကောင်း ထု ဆစ်ထည့်သွင်း ရေးထိုးလေ့ရှိကြသည်။

## ၃–ဂ။ အနားဖောင်းရစ်

အနားဖောင်းရစ်မှာ ကုဗတုံး၏အပေါ်၌ တည်ရှိနေသည်။ အနား ဖောင်းရစ်သည် ကုဗမျက်နှာပြင်ထက် အနည်းငယ်ဘေးသို့ကား ထိုး ထွက်တည်ရှိနေတတ်သည်။ အနားဖောင်းရစ်တို့သည် သုံးလက်မ၊ ငါးလက်မ၊ ခုနစ်လက်မ စသည်ဖြင့် လည်းကောင်း၊ ပန်းကွက်ပုံကို လည်းကောင်း ရေးထိုးလေ့ရှိကြသည်။

## ၃–ဃ။ ပစ္စယာအဆင့်

အနားဖောင်းရစ်မျက်နှာပြင်ပေါ်တွင် ထောင် လုံးဝန်းနေသော ဆလင်ဒါပုံကို ဆင့်ထားရာ ယင်းဆလင်ဒါပုံ၏ အောက်ခြေနေရာသည် ပစ္စယာတည်ရှိရာ နေရာဖြစ်သည်။

ဤအစိတ်အပိုင်း၌ ပစ္စယာကို တစ်ဆင့်၊နှစ်ဆင့်၊သုံးဆင့် စသည်

ဖြင့် အမျိုးမျိုး တွေ့ရတတ်သည်။ အချို့စတူပါများ၏ ပစ ယာအဆင့် မျက်နှာပြင်ပေါ်တွင် ပန်းများထုဆစ်ထားသည်ကိုလည်း တွေ့ရှိရသည်။

## ၃–င။ သင်္ကန်းစည်း

ဆလင်ဒါ၏ အလယ်တည့်တည့် (‘ရခိုင်မင်္ဂလာစည်’ဟူ လည်း ခေါ်ကြသော)နေရာတွင် သင်္ကန်းစည်းကို အနားဖောင်းရစ်ဖြင့် တန်ဆာဆင်ထားသည်။ ခါးပတ်ပုံစံ ဖြစ်သည်။ သင်္ကန်းစည်းမှာ တစ်ထပ်၊ နှစ်ထပ်စသည်ဖြင့် တွေ့ရသည်။

## ၃–စ။ ခေါင်းလောင်းမှောက်ပုံ

သင်္ကန်းစည်း၏အပေါ်ပိုင်းသည် ခေါင်းလောင်းမှောက်ပုံ ဖြစ်သည်။ ခေါင်းလောင်း၏ထိပ်သည် စက်ဝိုင်းခြမ်းပုံဖြစ်သည်။ ယင်းသည် ပန်းကန်လုံးတစ်လုံး သို့တည်းမဟုတ် ခေါင်းလောင်းတစ်ခုကို မှောက်ထားသည်နှင့် တူ၏ ။ ခေါင်းလောင်းမှောက်၏ထိပ်ပိုင်းသည် ဘေးသို့ အနည်းငယ်ထိုးထွက်နေခြင်းက စတူပါ၏ကြံ့ခိုင်မှုကို ဖော်ပြနေသည်။

## ၃–ဆ။ ကြာသီးလည်ရစ်

ခေါင်းလောင်းမှောက်ထိပ်၌ကား ကြာသီးလည်ရစ်ကို ထုဆစ်ထားသည်။ ကြာသီးလည်ရစ်သည် ဘေးသို့အနည်းငယ်ကား ထွက်နေခြင်းက စတူပါထိအပေါ်ပိုင်းကို ု ပ်ကြွလျက် ရှိနေသည်။

## ၃–ဇ။ ထုချွန်ပုံထီး

ကြာသီးလည်ရစ်၏အပေါ်၌ အ့ွန့်အဖြစ် ထုချွန်ပုံသဏ္ဌာန်ရှိ

သောထီးကို ဆင့်ထားသည်။ ထုလ္လန်ပုံသဏ္ဌာန်ထီးသည် ကြီးစဉ်ငယ်လိုက် အရစ်သုံးရစ်ဖြင့် တည်ရှိနေသည်။ ဤထုလ္လန်ပုံထီးသည် စတူပါ တစ်ခုလုံး၏ အထွတ်၌ တည်ရှိနေသည်။

# အခန်း (၄)
# စတူပါများကို သမိုင်းအမြင်ဖြင့် ထင်ဟပ်ကြည့်ရှုခြင်း

## ၄-က။ စတူပါများကို ဝေသာလီခေတ်ကဟူ၍ သတ်မှတ်ခြင်း

ရခိုင်တွင် ရှေးက တည်ထားခဲ့ကြသော စတူပါများကို ယနေ့အခါ ထင်ရှားစွာ တွေ့မြင်နေကြရသည်။ ထိုသို့ စတူပါများကို တည်ထားထုလုပ် ပူဇော်ကိုးကွယ်ခဲ့ကြခြင်းသည် မည်သည့်အချိန်၊ မည်သည့်ခေတ်ကာလကစ ကိုးကွယ်ခဲ့သည်ကို လေ့လာသင့်ပေသည်။

သုတေသီများက ရခိုင်တွင်တွေ့ရသော စတူပါကျောက်စေတီငယ်များကို ဝေသာလီခေတ်ကဟူ သတ်မှတ်နိုင်ခြင်းမှာ စတူပါတို့တွင် ရေးထိုးပါရှိနေသည့် ကျောက်စာကိုကိုးကား သတ်မှတ်ပြောဆိုခြင်း ဖြစ်ပါသည်။

စတူပါများတွင် ကျောက်စာများကို ဂုပ တအက္ခရာဖြင့် ရေးထိုးထားပါသည်။ ဂုပ တအက္ခရာသည် အိန္ဒိယနိုင်ငံ ဂုပ တမင်းဆက်တွင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ ထိုခေတ်ကာလက စာအရေးအသား အက္ခ

ရာမှာ 'ကုသျှန်'အရေးအသားမှတဆင့် ပြောင်းလဲလာသော အရေးအသားဖြစ် ဂုပ တအရေးအသားဟု ခေါ်သည်။ ဤဂုပ တအက္ခရာသည် အေဒီ (၃၂၀)မှ (၆၀၀)အထိတွင် ပေါ်ပေါက်ခဲ့သည်။

ရခိုင်တွင် တွေ့ရှိရသော စတူပါများမှ ကျောက်စာများမှာ ဂုပ တအက္ခရာဖြစ်နေ အေဒီ(၄)ရာစုမှ (၆)ရာစုထိ ရေးသားသောစာများဖြစ်ကြသဖြင့် ဤကာလသည် ဝေသာလီ(ကျောက်လှေကား)ခေတ်တွင် ကျရောက်သောကြောင့် ဤစာကို ထောက်ထားလျက် စတူပါများသည် ဝေသာလီခေတ်တွင် ထုလုပ်လှူဒါန်းခဲ့သော စေတီငယ်များဖြစ်ကြောင်းကို သတ်မှတ်ကြခြင်းဖြစ်သည်။

ထို့ကြောင့် ရခိုင်တွင်တွေ့ရှိရသော စတူပါကျောက်စေတီငယ်များသည် ဝေသာလီ(ကျောက်လှေကား)ခေတ်တွင် ထုလုပ်ပူဇော်ခဲ့သော စေတီငယ်များဖြစ်ကြောင်းကို ကိုးကား ပြောဆိုသတ်မှတ်ခြင်းသာလျှင်ဖြစ်သည်။

## ၄-၈။ စတူပါများကို လှူဒါန်းတည်ထားခြင်း

ဝေသာလီခေတ်က စတူပါများကို တည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက် တွေးတောစရာတစ်ချို့ ရှိနေပါသည်။ စတူပါများကို လှူဒါန်းတည်ထားခြင်းသည် ရခိုင်ဘုရင်များကသာလျှင် တည်ထားခဲ့သည်ဟု ယေဘုယျအားဖြင့် ယုံကြည်ထားကြသည်။

ဝီရစန္ဒြမင်းကျောက်စာတွင် (**သီရိဝီရစန္ဒြဒေဝမင်းသည် မိမိပိုင်ငွေကြေးတို့ကို အကုန်ကျခံ သစ ၁တရားကို သက်ဝင်ယုံကြည်ချစ်မြတ်နိုးသည့်အလျောက် ကမ္ဘာ၏အဆင်းတန်ဆာဖြစ်သော စေတီအဆူပေါင်း တစ်ရာ(၁၀၀)တို့ကို တည်ဆောက်တော်မူသည်။**) ဟုဆိုထားသဖြင့် ဤစေတီတို့မှာ စတူပါကျောက်စေတီငယ်များသာလျှင်

ဖြစ်တန်ရာ၏ဟု ကောက်ချက်ချကြပါသည်။

အချို့လည်း ယင်း သို့မဟုတ် ဓညဝတီခေတ် သူရိယစက မင်း လက်ထက် ပါဠိလိပုတ်ပြည်၊ အသောကမင်းထံမှပေးပို့လာသည့် ဓါတ်မွေတော်(၂၄၇)ဆူကို တည်ထားရာ၌ ထိုစေတီမျိုးသည် နွားလားဥ ဘတမော့ (၉)ပေခန့်အမြင့်ရှိကြသဖြင့် ယင်းတို့မှာ စတူပါကျောက် စေတီငယ်များသာလျှင်ဖြစ်သင့်ကြောင်း ယုံကြည်နေကြသည်။

စတူပါများတွင် တွေ့ရသောအထောက်အထားကို လေ့လာလျှင် စတူပါတို့၌ ဝေသာလီခေတ်အထောက်အထားကိုသာလျှင် တွေ့ရသဖြင့် ဓညဝတီခေတ်ဖြစ်ဖို့ရန်မှာ အထောက်အထား ခိုင်လုံမှုမရှိပါ။ ထို့ကြောင့် စတူပါတို့သည် ဓညဝတီခေတ်က လက်ရာများဖြစ်ဖို့ ခိုင်လုံသောအထောက်အထား မတွေ့ရ သတ်မှတ်ရန် မဖြစ်နိုင်သေးပါ။

နောက်တစ်ခုက စတူပါကျောက်စေတီငယ်များကို တည်ထားလှူဒါန်းခြင်းသည် ရှင်ဘုရင်များကသာလျှင် တည်ထားခဲ့သည် မဟုတ်ပဲ အရပ်သူ၊အရပ်သား ဥပသကာများကလည်း တည်ထားလှူဒါန်းခဲ့ကြောင်းကို ကျောက်စာအရ သိရှိရပါသည်။

တောင်ကုတ်မြို့ အိုးထိန်းကျောက်စာအရ __**(ဤအရပ်၊ဤဒေသ၊ ဤနေရာတွင် ရတနာသုံးပါးကို ဆည်းကပ်သူ ဥပသကာများက ကျက်သရေမင်္ဂလာနှင့်ပြည့်စုံကြစေရန် စေတီငယ် (စတူပါ) တစ်ဆူကို တည်ထား၏ ။)**__ ဟူ ဖော်ပြချက်အရ ဘုရင်မင်းကသာမက ဥပသကာ တစ်ဦးကလည်း လှူဒါန်းခဲ့ကြောင်း သိရှိနိုင်သည်။

ထို့နောက် မြောက်ဦးမြို့ဟောင်း သုတေသနပြတိုက် နံပါတ် စ/၂၃ တွင် ပြသထားသော ဝေသာလီမြို့ဟောင်းမှ ရရှိသည့် စတူပါတစ်ဆူ၏ ကျောက်စာတွင်လည်း __**(ငါးပါးသီလနှင့်ပြည့်စုံသော ဥပသကာတစ်ဦး က ဘုရားရှင်အား ရည်မှန်း စေတီငယ် (စတူပါ)တစ်ဆူကို တည်**__

**ထားသည်။)**ဟု ဆိုသဖြင့် စတူပါကို အခြားအလှူရှင်များကလည်း လှူဒါန်းခဲ့သည်ကို သိရှိနိုင်ပေသည်။

ထို့ကြောင့် ဝေသာလီခေတ်က စတူပါစေတီငယ်များကို လှူဒါန်းတည်ထားကြခြင်းသည် ရှင်ဘုရင်မင်းတို့ချည်း တည်ထားလှူဒါန်းခဲ့သည်မဟုတ်ပဲ အရပ်သူ၊အရပ်သား ဥပသကာဝင်များကပါ လှူဒါန်းခဲ့ကြောင်းကို ကျောက်စာက သက်သေခံနေပေသည်။ သို့ဖြစ် အဆိုပါ စတူပါငယ်များကို ရခိုင်ပြည်အနှံ့အပြား၌ ရေးကအများအပြား ထုလုပ်လှူဒါန်းခဲ့ကြမည်ကို တွက်ဆနိုင်ပါသည်။


## ၄-ဂ။ စတူပါများမှ ကျောက်စာ

စတူပါများတွင် ကျောက်စာများကို ကုဗမျက်နှာပြင်ပေါ်တွင်လည်းကောင်း၊ အနားဖောင်းရစ်မျက်နှာပြင်ပေါ်တွင် လည်းကောင်း၊ ရေးထိုးထားသည်ကို တွေ့ရသည်။ ကျောက်စာအက္ခရာမှာ စောစောက တင်ပြခဲ့သည့်အတိုင်း ဂုပ တအက္ခရာဖြစ်သည်။ ပါဠိ(သို့မဟုတ်) သက တဘာသာဖြင့် ရေးထိုးခြင်း ဖြစ်သည်။

ကျောက်စာများမှာ 'ယေဓမ္မာ ဟေတုပဘဝါ' ဂါထာတစ်ပိုင်းတစ်စကိုလည်းကောင်း၊ အပြည့်အစုံကို လည်းကောင်း ရေးထိုးလေ့ရှိကြသည်။ ယင်းအပြင် အလှူလုပ်ခြင်းကိုလည်း အကျဉ်းဖော်ပြလေ့ရှိကြသည်။ ယခုအခါ ကျောက်စာပါသော စတူပါ(၁၃)ဆူကို စုဆောင်းရရှိထားကြပြီ ဖြစ်သည်။ ဓါတ်ပုံ ၅၊ ၆၊ ၈၊ ၁၀၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၃၄၊ ၄၄၊ ၆၂၊ ၆၄၊ ၇၄ စသည်တို့သည် ကျောက်စာပါသော စတူပါများ ဖြစ်ကြသည်။



**ဓါတ်ပုံ(၁၇)**၊ မြောက်ဦးမြို့၊ တေဇာရာမကျောင်းမှ စတူပါ



**ဓါတ်ပုံ(၁၈)**၊ ကျောက်တော်တောင်မှ စတူပါ



**ဓါတ်ပုံ(၂၀)**၊ ကျောက်တော်မြို့နယ်၊ မီးချောင်းဝမှ စတူပါ



**ဓါတ်ပုံ(၇၄)**၊ ပလက်ဝမြို့နယ်၊ မီးမွေတော်ဓါတ်မှ စတူပါ

## ၄–ဃ။ စတူပါကျောက်စာမှ ယေဓမ္မာဂါထာတော်

စတူပါများတွင် ရေးထိုးထားသော 'ယေဓမ္မာ'ဂါထာတော်သည် ဘုရားရှင်က ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူခဲ့သည့် ဒေသနာပင် ဖြစ်သည်။

ပဉ္စဝဂ္ဂီငါးဦးထဲတွင် အငယ်ဆုံးဖြစ်သော အဿဇိမထေရ်သည် ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံဝင်ခဲ့၏ ။ ထိုစဉ် ဉပတိ အမည်ရှိသော သူတစ်ဦးနှင့် အမှတ်မထင်တွေ့ခဲ့သည်။ ဉပတိ မှာ နောင်တွင် ရှင်သာရိပုတ ရာ ဖြစ်မည့်သူတည်း။ ဉပတိ သည် အရှင်အဿဇိ၏ အမူအရာဣန္ဒြေကိုမြင်ရ အလွန်သဘောကျကာ သင်ကားမည်သူနည်း။ သင်၏ ဆရာသည် မည်သူလဲ။ သင်၏ဆရာကား မည်သို့အယူရှိသနည်း စသည်ဖြင့် မေးသည်။

အရှင်အဿဇိကလည်း ငါကား အဿဇိမထေရ် ဖြစ်၏။ ငါ၏ဆရာကား ဂေါတမပေတည်း။ ငါ့ဆရာ၏တရားကို ပြည့်စုံအောင် ဟောစွမ်းငှာ ငါမတတ်နိုင်။ ဉပတိ က အနည်းငယ်ဟောပါဟု တောင်းပန်သဖြင့် အရှင်အဿဇိသည် 'ယေဓမ္မာ ဟေတုပဘဝါ'အစရှိသည့် ဂါထာတော်ကို ဟောလေသည်။ ဉပတိ လည်း ရှေးကပါရမီကြောင့် သောတာပတိ မဂ်သို့ ဆိုက်ခဲ့သည်။ ဉပတိ မှတဆင့် မိတ်ဆွေဖြစ်သူ ကောလိတ (နောင်ရှင်မောဂ္ဂလန် ဖြစ်လာမည့် မထေရ်)က ကြားနာရသဖြင့် သောတာပတိ မဂ်သို့ ဆိုက်ခဲ့၏။

ထိုဂါထာမှာ **(အကြွင်တရားတို့တွင် အကြောင်းတရားသည် အမွန်အစ ဖြစ်၏။ ထိုအကြောင်းတရားတို့ကြောင့် အကျိုးတရားတို့ ဖြစ်ခြင်းကိုလည်း မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထိုအလုံးစုံသော တရားတို့၏ ချုပ်ငြိမ်းခြင်းသည်လည်း ရှိ၏။ ကြီးမြတ်သော သာမဏောသည် ဤသို့အယူရှိ၏ ။)**

ယေဓမ္မာဂါထာသည်ကား မြတ်စွာဘုရားရှင်၏ တရားအဆီအနှစ်ဖြစ်သည့် သစ္စာတရားလေးပါးပင် ဖြစ်ပါသည်။ ရှေးဝေသာလီခေတ်က ရခိုင်တို့သည် ဤဂါထာတော်ကို ရေးထိုးရခြင်းမှာ (က)သတ္တဝါအပေါင်းတို့အား မြတ်စွာဘုရားရှင်၏ တရားအဆီ၊အနှစ်ကို သိမြင်စေလိုခြင်း၊ (ခ)ဤဂါထာတော်အားဖြင့် အကျွတ်ရနိုင်လောက်အောင်စွမ်းခြင်း၊ (ဂ)ပါရမီရင့်သူများက ဤဂါထာတော်ကို နောက်မြင်တွေ့ကြရလျှင် အဓိပ္ပါယ်ကိုသိရှိလျက် အကျွတ်တရားရနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းတို့ကြောင့် ဖြစ်လေသည်။

ထို့ကြောင့် ဤဂါထာတော်သည် မြတ်စွာဘုရားရှင်၏ တရားအဆီအနှစ် မဂ်ဖိုလ်လမ်းကို ဖော်ပြနေသည်။ ဤဂါထာတော်ကို ရေးထိုးခဲ့သောကာလသည် (အေဒီ လေးရာစုမှ ခြောက်ရာစုထိ) ရခိုင်ပြည်သား ဗုဒ္ဓဘာသာဝင်များမှာ မြတ်စွာဘုရား၏ တရားတော်ကို အခြေခံသည့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ မြတ်စွာဘုရားအား 'မဟာသာမဏော'ဟူ ကင်ပွန်းတတ်သည်။ သို့ဖြစ် ယင်းအချိန်ကာလကတည်ရှိခဲ့သော ဗုဒ္ဓဘာသာမှာ ခေတ်နှောင်း မဟာယနမဟုတ်သည်မှာ ထင်ရှားနေပါသည်။

## ၄–င။ ယနေ့မြင်တွေ့ရသော စတူပါများအခြေအနေ

ကျွန်ုပ်သည် ယခုအခါ၌ ရခိုင်ပြည်နယ်အရပ်ရပ်မှ စတူပါများကို လေ့လာစုဆောင်းခဲ့သည့်အခါ၌ စာရင်းအရ စတူပါပေါင်း(၁၂၃)ဆူကို ရရှိခဲ့ပါသည်။ မိမိ၏မျက်စိအောက်တွင် စတူပါအမျိုးပေါင်း (၇၀) ကျော်ကို နဖူးတွေ့ဒူးတွေ့ လေ့လာခဲ့ဖူးပါသည်။

တွေ့ဖူးမြင်ဖူးသော ထိုထိုသော စတူပါတို့၌ကား အောက်ခံဖိနပ်ခုံသည် အလွန်ရှားပါးလှသည်။ ရှေးကမူ စတူပါတိုင်း၌ အောက်ခံဖိနပ်

ခံ့တစ်ခုစီ ရှိခဲ့မည်ဟု ယုံကြည်ရပါသည်။ ယင်းတို့မှာ နှစ်များကြာ ရှည်မှုကြောင့် ဘေးဒဏ်အမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရ ပျက်စီးခဲ့ရလိမ့်မည်ဟု ယုံကြည်ရပါသည်။


နောက်တစ်ခုမှာ စတူပါ၏ ကိုယ်ထည်ပိုင်းပင် ဖြစ်ပါသည်။ စတူပါကိုယ်ထည်ပိုင်းတွင် အထူးသဖြင့် အပေါ်အပိုင်းတို့သည် ပျက်စီးနေသည်သာများကြသည်။ ကျွန်ုပ်တွေ့ကြုံဖူးပြီးသော စတူပါအဆူ (၇၀) အရ တစ်ဆူတည်းသော စတူပါသာလျှင် အင်္ဂါရပ်နှင့် ပြည့်စုံသည်ကို တွေ့ရပါသည်။ ထိုစတူပါမှာ ယခု စစ်တွေမြို့ ယဉ်ကျေးမှုပြတိုက်တွင် သိမ်းဆည်းထားသော စတူပါဖြစ်သည်။ ဓါတ်ပုံ (၂၁)ကို ရှုပါ။

ဤစတူပါမှာ ကျောက်တော်မြို့မှ မြောက်ဘက်မိုင် ၂၀–အကွာ မီးချောင်းဝမှ ရရှိခဲ့သော စတူပါဖြစ်ပါသည်။ အောက်ခြေဖိနပ်မှအစ ကြာသီးလည်ရစ်၊ ထီးစသည်တို့မှာ သူ့နေရာနှင့်သူ အပြည့်အစုံပါရှိကြပါသည်။ အခြားသော စတူပါများသည်လည်း ဤမီးချောင်းဝမှ စတူပါကဲ့သို့ ယခင်က အင်္ဂါရပ်အပြည့်အစုံ ရှိခဲ့ကြပေမည်။ စတူပါများ၏ သက်တမ်းမှာ နှစ်ပေါင်း(၁၅၀၀)ခန့် ကြာမြင့်ခဲ့သည်ဖြစ် ဤသို့ နှစ်ကာလပရိစ္ဆေဒကြာညောင်းခြင်းနှင့်အတူ မလွန်ဆန်နိုင်သော သင်္ခါရသဘောတရားတို့ကြောင့် ယိုယွင်းဆုံးပါးခြင်းသာလျှင် ဖြစ်ပါသည်။


## ၄–စ။ စတူပါများ၏ ပုံသဏ္ဍာန်ကို ခွဲထုတ်လေ့လာခြင်း

ယနေ့အထိ တွေ့ရှိနေကြရသော စတူပါများကိုအခြေခံ စတူပါပုံများကို ခွဲထုတ်လေ့လာသည့်အခါမှာ အကြမ်းအားဖြင့် ပုံစံ(၂)မျိုးကို တွေ့ရှိရပါသည်။


ပုံစံ(A) တွင် ဖော်ပြထားသော စတူပါသည် ရှေးကအမှန်တကယ် အခန်းလိုက် သူ့နေရာနှင့်သူ ပါဝင်တည်ရှိနေခဲ့သော စတူပါပုံဖြစ်သည်။



ပုံစံ(A)



ပုံစံ(B)



ပုံစံ(C)



ပုံစံ(D)

ဤစတူပါ၌ အောက်ခြေဖိနပ်ကအစ၊ ကုဗပုံ၊ အနားဖောင်းရစ်၊ ပစ ယာ အဆင့်၊ သက်န်းစည်းကြာသီးရစ်၊ ထီးစသည်တို့သည် အပြည့်အစုံပါ ရှိကြသည်။ အင်္ဂါရပ်နှင့်ပြည့်စုံသော စတူပါဖြစ်သည်။

ပုံစံ(B)တွင် ဖော်ပြထားသော စတူပါသည် ယခုအခါ တွေ့နေ ကြရသော စတူပါပုံဖြစ်သည်။ အပေါ်ခေါင်းတုံးလုံးပုံ ဖြစ်သည်။ ဤပုံ သည် မပြည့်စုံသော စတူပါပုံပင်ဖြစ်ပါသည်။ စတူပါ၏အပေါ်ပိုင်းဖြစ် သော ကြာသီးလည်ရစ်၊ ထီးတို့သည် ပျက်စီးသွားနှင့်ပြီ ဖြစ်ပါသည်။ ထို့အပြင် အောက်ခံဖိနပ်မှာလည်း မရှိတော့ပြီ ဖြစ်သည်။ ပြည့်စုံသော စတူပါတစ်ခုကား မဟုတ်ပါ။

နောက်တစ်မျိုးက ဘုရားဆင်းတုငယ်များ ကိန်းဝပ်ပါရှိသည့် ဂူ ပေါက်ငယ်ဖြင့် တည်ရှိနေသော စတူပါပုံဖြစ်သည်။ ပုံစံ(C)တွင် ဘုရား ဆင်းတုငယ်များ ပါဝင်သည့် စတူပါတစ်ဆူ ဖြစ်ပါသည်။ ဤစတူပါပုံ၌ ဖိနပ်သည်လည်းကောင်း၊ အပေါ်ပိုင်း ကြာသီးလည်ရစ်နှင့် ထီးသည် လည်းကောင်း မပါရှိသဖြင့် ပြည့်စုံသော စတူပါတစ်ခုဟူ မသတ်မှတ် နိုင်ပေ။ ပုံ(D)တွင် ဖော်ပြထားသော ဖိနပ်၊ ကုဗပုံ၊ ခေါင်းလောင်း မှောက်၊ သင်္ကန်းစည်း၊ ကြာသီးလည်ရစ်၊ ထီးအစရှိသည်တို့ပါဝင်သော ပုံကိုမှ ပြည့်စုံသောစတူပါဟူ ခေါ်ဆိုနိုင်မည်ဖြစ်သည်။ ပုံစံ(D)သည် ရှေးကတည်ရှိခဲ့မည့် စတူပါဟု ယူဆရသည်။

ထို့ကြောင့် ယေဘုယျအားဖြင့် ယနေ့တွေ့မြင်နေကြရသော စ တူပါများကို ခွဲထုတ်လေ့လာလျှင် ပုံသဏ္ဌာန် (၂)မျိုးသာရှိနေကြောင်း တွေ့မြင်ရသည်။

## ၄-ဆ။ စတူပါများကို တွေ့ရလေ့ရှိသော အရပ်ဝန်းကျင်

ကျွန်ုပ်၏ ကွင်းဆင်းလေ့လာအတွေ့အကြုံအရ အချို့သော စ

တူပါများကို ချောင်ကျသောနေရာဖြစ်သော တောကြား၊တောင်ကြား တို့တွင် တွေ့ရတတ်သည်။

မင်းပြားမြို့နယ် အိုးပုံတောင်ရွာမှ စတူပါသည်လည်းကောင်း၊ စအင်းရွာဟောင်းမှ စတူပါများသည်လည်းကောင်း၊ ကျောက်ဖြူမြို့နယ် ဇင်ချောင်းတောင်ရင်းရွာဟောင်းမှ စတူပါသည်လည်းကောင်း၊ ချောင်းနက်ရွာမှ စတူပါများသည် လည်းကောင်း၊ ရမ်းဗြဲမြို့နယ် ထန်းပြိန်ရွာမှ စတူပါသည်လည်းကောင်း၊ တောင်ကုတ်မြို့နယ်၊ ကန့်ချုပ်တောင်မှ စတူပါများသည်လည်းကောင်း နဂိုတည်ရှိနေရာများသည် ချောင်ကျသော တောထဲတောင်ကြားထဲနေရာများတွင် ဖြစ်နေကြသဖြင့် ရှေးက ယင်းအရပ်တို့၌ ကျေးရွာများ ရှိခဲ့ဟန်တူပါသည်။

ဝေသာလီခေတ်ကျေးရွာများကို လုံခြုံရေးအရ ချောင်ကျသော တောကြားတောင်ကြားများတွင် တည်ခဲ့သည်ဟု ယုံကြည်ရသည်။ ရှေးက ယင်းအရပ်တို့၌ ကျေးရွာရှိခဲ့ပြီး ဗုဒ္ဓဘာသာကိုးကွယ်မှုအဖြစ် စတူပါဟုရှိခဲ့ခြင်းက အဖြေပေါ်နေသည်။

ထို့ကြောင့် ဝေသာလီကျေးလက်သမိုင်းကို ဖော်ထုတ်ရာ၌ လူနေမှုရပ်စုရွာထောင်တို့သည် လုံခြုံရေးအရအားဖြင့် တောကြား၊ တောင်ကြားများကို အခြေခံ ရပ်ရွာများ တည်ခဲ့သည်ဟု မှန်းဆနိုင်ပါသည်။

## ၄–၈။ စတူပါကျောက်စာတစ်ခုမှ အနတ္တတရား

ဝေသာလီခေတ်က ဗုဒ္ဓဘာသာသည် မည်သို့သော အယူဝါဒဖြစ်သည်ကို ဝေသာလီခေတ်တွင် ရေးထိုးခဲ့သည့် စတူပါကျောက်စာတစ်ခုက အထင်အရှား သက်သေခံနေသည်။

ထိုစတူပါမှာ ဝေသာလီမြို့ဟောင်း အိမ်ရာကြီးမှရရှိခဲ့သည့် စတူပါပင်ဖြစ်သည်။ အမြင့် ၈ရ–စင်တီမီတာရှိသည်။ ယခု မြောက်ဦးမြို့

ပြတိုက်၌ ရှိနေသည်။ စတူပါ၏ အနားဖောင်းရစ်သုံးမျက်နှာ၌ စာများ ရေးထိုးပါရှိသည်။

ဘာသာပြန်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

'**ငါးပါးသီလနှင့်ပြည့်စုံသော ဥပကာတစ်ဦးက ဘုရားရှင်အား ရည်မှန်း စေတီငယ်စတူပါကို တည်ထားသည်။ ထိုကောင်းမှုကြောင့် မိဘနှစ်ပါးနှင့်သတ ဝါများတို့သည် ရှစ်ပါးသီလ၊ ကိုးပါးသီလကို ကျင့်သုံး ဆောက်တည်ကြပြီး အနတ တရားကို ႁမြင်လျက် သစ ၁ လေးပါးကို ထိုးထွင်းသိမြင်ကြပါစေ သတည်း')**

ဤကျောက်စာ၌ပါရှိသော ထူးခြားချက်တစ်ခုမှာ စာကြောင်းရေ (ရ)၌ပါရှိသော (အနတ )ဆိုသော စကားရပ်ဖြစ်ပါသည်။ အနတ တရားကို ဘုရားရှင်ကိုယ်တော်တိုင် ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာပွင့်တော်မမူမီ အနတ တရားမှာ ပေါ်ထွန်းမလာခဲ့သေးပေ။ တစ်ကမ္ဘာလုံးတွင် အတ တရားသာ လွှမ်းမိုးလျက်ရှိနေသည်။ ဘုရားရှင်က အတ အစွဲအလန်းကို ဖြိုဖျက် ယင်းနေရာ၌ အနတ မမြဲတရားကို အစားထိုးဟောခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ထေရဝါဒအနတ လက္ခဏာသုတ် ပါဠိတော်လာ 'အနတ 'ဟူသော စကားရပ်ကို ရခိုင်ဝေသာလီ ပြည်သူပြည်သားတို့က အနတ တရားကို ႁမြင်လျက် သစ ၁လေးပါးကို ရှာဖွေထိုးထွင်းလျက်ရှိနေကြောင်း သိသာနိုင်သည်။

အေဒီ ၄–ရာစုမှ ၈–ရာစုအထိ ဝေသာလီခေတ်၏ ဗုဒ္ဓသာသနာတော်သည် မဟာယနဗုဒ္ဓဘာသာဖြစ်သည်ဟု ယောင်ယမ်း ထင်ကြေးပေးနေကြသူများအတွက် သံဝေဂရဖွယ် စတူပါမျက်နှာပြင်ပေါ်မှ ကျောက်စာတစ်ချပ်ပေတည်း။

## ၄–ဈ။ စတူပါများတွင် တွေ့ရသောနံရံကပ်စေတီငယ်များ

ယခုအခါ တွေ့ရှိလာရသော စတူပါများကို လေ့လာကြည့်သည့် အခါ၌ အချို့သောစတူပါတို့၌ နံရံကပ်အဖြစ် စေတီငယ်များကိုလည်း ထည့်သွင်းထုလုပ်ထားသည်ကို တွေ့လာရပါသည်။


စတူပါကျောက်စေတီငယ်များအပေါ်တွင် နံရံကပ်အဖြစ် ထုလုပ်ထားသော စေတီငယ်များပုံသည် စတူပါများတွင် ထူးခြားမှုတစ်ခုဟု ယူဆနိုင်ပါသည်။ မြောက်ဦးမြို့ သျှစ်သောင်းပရိယတ္တိ စာသင်တိုက် ဘုန်းကြီးကျောင်းမှ စတူပါသည်လည်းကောင်း၊ မြောက်ဦးမြို့သျှစ်သောင်း ပုထိုးတော်ကြီးမှ မင်းဗာ့ ပ်တုပါ စတူပါသည်လည်းကောင်း၊ မြောက်ဦးမြို့ဟောင်း သုတေသနပြတိုက်ရှိ စတူပါငယ်တစ်ဆူသည် လည်းကောင်း၊ စစ်တွေမြို့ မဟာကုသလကျောင်းတွင် တည်ရှိနေသော စတူပါသည်လည်းကောင်း နံရံကပ်စေတီငယ်များပါဝင်သော စတူပါများဖြစ်ကြသည်။

ထိုစေတီငယ်များမှာ တစ်ခုနှင့်တစ်ခု အသွင်အပြင်အားဖြင့် တူညီကြသော်လည်း အချို့မှာ သင်္ကန်းဆီးပါရှိပြီး အချို့မှာ သင်္ကန်းဆီး မပါရှိပဲ ကွာခြားကြသည်။ ပန်းချီပုံ (၉) (၅) (၃) (ဂ) တို့ကို ရှုပါ။


ဤသို့စေတီငယ်များသည် မည်သည့်ခေတ်က စေတီပုံကို ရည်ရွယ် ထုလုပ်ခြင်းဖြစ်သည်ကို လေ့လာသင့်ပါသည်။ တစ်နည်းအားဖြင့် ဝေသာလီခေတ်က စေတီပုံများပုံစံသည် ဤစတူပါများနံရံကပ်တွင်ပါရှိနေသော စေတီများပုံလောဟူ လည်း တွေးထင်ရပါသည်။

အထူးသဖြင့် စတူပါကျောက်စေတီငယ်များကို ဝေသာလီခေတ်က ထုလုပ်ခဲ့ခြင်းဖြစ်ပေရာ ထိုစေတီငယ်များ၏ ပုံမှာ ဝေသာလီခေတ် စေတီပုံစံကို ရည်ရွယ် ထုလုပ်ခဲ့ဟန်ရှိနေပါသည်။ သျှစ်သောင်းပရိယတ္တိ စာသင်တိုက်မှ နံရံကပ်စေတီငယ်ပုံဆိုလျှင် အိန္ဒိယပြည် အသော


***နံ့ရံကပ်စေတီငယ်ပါ စတူပါများ***




***ပန်းချီပုံ(၄)***၊ မြောက်ဦးပရိယတ္တိကျောင်းမှ စတူပါ



***ပန်းချီပုံ(၅)***၊ သျှစ်သောင်းမှ စတူပါ



***ပန်းချီပုံ(၆)***၊ မြောက်ဦးပြတိုက်ထဲမှ စတူပါ



***ပန်းချီပုံ(၇)***၊ စစ်တွေ ကုသလကျောင်းမှ စတူပါ

ကမင်းတည်ထားခဲ့သည့် မဟာဗောဓိစေတီနှင့် ပုံသဏ္ဍာန်အားဖြင့် နီး စပ်နေပါသည်။ ထို့ကြောင့် ဝေသာလီခေတ်က အခြားစေတီပုထိုးများ ကို တည်ထားရာ၌ ယင်းတို့သည် မဟာဗောဓိစေတီကဲ့သို့ပင် ရှိနိုင် အံ့ဟု ယူဆနိုင်ပါသည်။

## ၄–ည။ စတူပါများကိုကိုးကွယ်သည့် ခေတ်ကာလအပိုင်းအခြား

စတူပါများကို ဝေသာလီခေတ်က ထုလုပ်ပူဇော်ခဲ့သည်ဟု သ မိုင်းဆိုင်ရာ အထောက်အထားများအရ အထက်တွင် တင်ပြခဲ့ပြီးဖြစ် ပါသည်။ ထို့နောက် စတူပါကို ရခိုင်သမိုင်း၌ မည်သည့်ခေတ်ကာလ အပိုင်းအခြားအထိ ကိုးကွယ်ခဲ့သည်ကိုလည်း မေးခွန်းထုတ်လေ့လာ သင့်ပါသည်။

စတူပါများအပေါ် လေ့လာချက်အရ စတူပါများကို ဝေသာလီ ခေတ်တစ်ခုတည်းတွင်သာ ထုလုပ်ပူဇော်ခဲ့သည်ဟု ယူဆရပါသည်။ အဘယ်ကြောင့်ဆိုသော် ယခု မဟာမုနိပြတိုက်တွင် ပြသထားသော သက ရာဇ် ၅၇၃–ရေးထိုး သဒ္ဒေးငပျောင်ကျောက်စာမှာ လေးမြို့ခေတ် ကကျောက်စာဖြစ်ပါသည်။ ဤကျောက်စာရေးထိုးထားသော ကျောက် ပြားသည် စတူပါတစ်ခု၏ ဖိနပ်ခုံပင်ဖြစ်ပါသည်။ ထို့ကြောင့် စတူပါ ကို လေးမြို့ခေတ်တွင် အသုံးမပြု ရေးထိုးခြင်းသာလျှင် ဖြစ်တန်ရာ သည်။

ထို့နောက် မြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်ကြီး အာ႐ုံခံ အရှေ့ဘက်၌ မင်းဗာကြီး႐ုပ်တုတစ်ခုကို မြင်တွေ့နိုင်ပါသည်။ ထိုအ႐ုပ် ကို ထုလုပ်ထားသည့် ကျောက်သည် စတူပါတစ်ဆူပင် ဖြစ်ပါသည်။ စတူပါတစ်ခြမ်းကို ထုလုပ်ထားခြင်း ဖြစ်သည်။ မြောက်ဦးခေတ်တွင် လည်း စတူပါကို ကိုးကွယ်မှု၊ အလေးပေးမှု မရှိခဲ့ကြောင်းကို ယင်းက

ဖော်ပြနေပါသည်။

တစ်ခါ ကျောက်ဖြူမြို့နယ် ချောင်းနက်ရွာတွင်တွေ့ရသော စတူပါ၏ မျက်နှာပြင်တစ်ခုလုံး၌ မြောက်ဦးခေတ်ကကျောက်စာကို ရေးထိုးထားပါသည်။ ကျောက်စာပါ သက္ကရာဇ်မှာ (၉၄၁)ဖြစ် မင်းဖလောင်းလက်ထက် ကျရောက်ပါသည်။ ကျောက်စာ၌ ဖလောင်းက ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းကို ရေးထိုးထားသည်။ ဝေသာလီခေတ်က အသုံးပြုကိုးကွယ်ခဲ့ကြသော စတူပါကို မြောက်ဦးခေတ်တွင် ကျောက်စာရေးထိုးထားခြင်းဖြစ်ပေရာ မြောက်ဦးခေတ်၌ စတူပါကိုးကွယ်မှု မှေးမှိန်သွားပြီကို ဖော်ပြလျက်ရှိနေပါသည်။

ရမ်းဗြဲမြို့နယ်၊ ကျောက်ချောင်းထောင်နယ်၊ ကျောက်မသာရွာ ကျောက်စာတိန်တောင်ခြေရင်းမှာတွေ့ရသော စတူပါအောက်ခြေ အစိတ်အပိုင်းတစ်ခုတွင်လည်း မြောက်ဦးခေတ်ကျောက်စာကို တွေ့ရသဖြင့် မြောက်ဦးခေတ်တွင် စတူပါကိုးကွယ်မှုသည် မှေးမှိန်သွားပြီကို ဤစတူပါကလည်း သက်သေခံနေသည်။

သို့ဖြစ် စတူပါကိုးကွယ်ခြင်းသည် ရခိုင်သမိုင်း၌ ဝေသာလီခေတ်ကရှိနေခဲ့ပြီး လေးမြို့ခေတ်၊ မြောက်ဦးခေတ်တို့တွင် မှေးမှိန်သွားပြီဖြစ်ကြောင်းကို အထောက်အထားများက သက်သေခံနေကြပါသည်။

## ၄-၄။ စတူပါများတွင်တွေ့ရသော ကျောက်ထွင်းပန်းကွက်

စတူပါများတွင်တွေ့ရှိရသော ကျောက်ထွင်းပန်းကွက်လက်ရာများကို လေ့လာသိမှတ်နိုင်ခြင်းအားဖြင့် ဝေသာလီခေတ် အနုပညာ၏ အဆင့်အတန်းသည် မည်ရွေ့မည်မျှရှိသည်ကို အကဲခတ်နိုင်ပါသည်။

မင်းပြားမြို့နယ်၊ စအင်းရွာဟောင်း၌ စတူပါ(၆)ဆူတိတိကို တွေ့ရှိထားရာ ယင်းအနက် (၃)ဆူ၌ ပန်းကွက်များကို တခမ်းတနားအဖြစ်

အလှခြယ်မှုန်း ထုဆစ်ထားသည်ကို တွေ့ရှိရသည်။

ဓါတ်ပုံ(၅၂)၊ ပန်းချီပုံ(ဃ)တွင် ဖော်ပြထားသော စတူပါ၌ မှောက်ကြာလှန်ပန်းကွက်ပုံ၊ သင်္ကန်းစည်း၏ အောက်မျက်နှာပြင်၌ တွဲလောင်းကျနေသော ပန်းကွက်တစ်ခုကို သေသပ်ခမ်းနားစွာ ထုဆစ်ထားပါသည်။

ဓါတ်ပုံ(၅၄)၊ ပန်းချီ(င)တွင်လည်း ပစ ယာမျက်နှာပြင်၌ ကြာမှောက်ကြာလှန်ကို ထုဆစ်ထားရှိပြီး သင်္ကန်းဆီးအောက်တွင် ဗိန္ဒုအပြောက်များကို ထည့်သွင်းထားကာ ယင်း၏အောက်မျက်နှာပြင်၌ ကြာိုးနွယ်များကို တစ်ခုနှင့်တစ်ခုယှက်နွယ်လျက် ထုဆစ်ထားသည်။ ဓါတ်ပုံ(၅၅)၊ ပန်းချီ(ဂ)တွင်လည်း သင်္ကန်းစည်းအပေါ် မျက်နှာပြင်မုခ်အနီး၌ ပန်းကွက်များကို တခမ်းတစ်နားခြယ်မှုန်း ထုဆစ်ထားသည်။

*မှတ်ချက် ။ ။ (ဤအကြောင်းနှင့်ပတ်သက် အသေးစိတ်ကို ဖတ်ရှုလိုပါက ၁၉၈၄–ခုနှစ်ထုတ်၊ ရခိုင်ပြည်နယ်မဂ္ဂဇင်း (အင်္ဂလိပ်ဘာသာ)တွင် ဦးအောင်လှသိန်းရေးသော "A Visit to mimiature Stupas of SA-ong" ဆောင်းပါးတွင် လည်းကောင်း၊ ရခိုင့်နှံ့ဖူးအမှတ်(၄) မင်းပြားမင်းသိန်းဖုံရေးသော 'မင်းပြားမြို့နယ်မှ ဝေသာလီခေတ် အထောက်အထား'အမည်ရှိ ဆောင်းပါးတို့တွင်လည်းကောင်း ဖတ်ရှုနိုင်ပါသည်။*

ဤနည်းတူ အမ်းမြို့နယ်၊ ဒလက်တောင်ရွာမှ စတူပါနှစ်ဆူတွင်လည်း ကျောက်ထွင်းပန်းကွက်များကို တွေ့ရသည်။ ဓါတ်ပုံ(၆၀)၊ ပန်းချီပုံ(ဆ)တွင် ဖော်ပြပါရှိသော စတူပါပန်းကွက်တို့တွင် စအင်းရွာဟောင်းတွင်တွေ့ရသောလက်ရာနှင့် နီးစပ်မှုရှိကြသည်။ သို့သော်လည်း ထုလုပ်ထားသော ပန်းကွက်ပုံစံများ ခြားနားကြသည်။ ထို့နောက် ဓါတ်ပုံ(၆၁)တွင် ဖော်ပြထားသော ဘုရားဆင်းတုနှင့် မုခ်ဦးပါ စတူပါပုံ၌လည်း အနားဖောင်းရစ်မျက်နှာပြင် လေးခုလုံးတွင် ပန်းကွက်ကို ထုဆစ်ထား

သည်။ ပန်းပုံမှာ ကြာမှောက်ကြာလှန်ပုံဖြစ်ပြီး ရိုးရိုးရှင်းရှင်း ထုဆစ်ထားသည်။ ပန်းချီပုံ(၈)ကို ရှုပါ။

ထို့နောက် မြောက်ဦးမြို့နယ် နန်းကျားကြီးသိမ်ထဲရှိ စတူပါသုံးဆူအနက် စတူပါကြီးတစ်ဆူတွင်လည်း ပန်းကွက်ပုံများကို တွေ့ရှိရသည်။ ကုဗမျက်နှာပြင်လေးခုလုံး၌ ပန်းကွက်များကို ထုဆစ်ထားသည်။ တစ်ပုံနှင့်တစ်ပုံ မတူညီကြပါ။ ပန်းကွက်အမျိုးပေါင်း(၆)မျိုးကို တွေ့ရှိရသည်။ ပန်းကွက်များကို တစ်ကွက်ချင်းအလိုက် အနီးကပ်ထုဆစ်ထားသည်။ အခြားကုဗမျက်နှာပြင်တစ်ခု၌ကား စုပေါင်း ပန်းကွက်(၆)ကွက်ကို ထုဆစ်ထားသည်။ ဓါတ်ပုံ(၁၀)လယ်၊ ပန်းချီပုံ(၈) ရှုပါ။ အလားတူ မြောက်ဦးမြို့၊ ပရိယတ္တိဘုန်းကြီးကျောင်း စတူပါ၌လည်း ပန်းကွက်တစ်ကို တွေ့ရသည်။ ပန်းချီပုံ(၉) ရှုပါ။

အထက်တွင် တင်ပြခဲ့သည့် ပန်းကွက်ပုံတို့ကို လေ့လာကြည့်ရှုခြင်းအားဖြင့် ဝေသာလီခေတ်၏ အနုပညာခံစားမှုပိုင်းကိုလည်းကောင်း၊ ကျောက်တွင်းအတတ်ပညာပိုင်းဆိုင်ရာကို လည်းကောင်း အကဲခတ်နိုင်ကြမည် ဖြစ်ပေသည်။

## ၄–၅။ စတူပါများမှ ကျောက်ထွင်းအရုပ်များ

စတူပါများ၌ ပန်းကွက်ပုံများကို တွေ့ရှိရသည့်အပြင် အခြားသောအရုပ်ပုံများကိုလည်း ဝေသာလီသားတို့သည် အစွမ်းပြ စတူပါများတွင် ထုလုပ်ခဲ့သည်ကို တွေ့ရပါသည်။

စအင်းရွာဟောင်းမှ စတူပါတစ်ဆူ၏ ကုဗမျက်နှာပြင်လေးခုလုံး၌ အရုပ်များကို ထုဆစ်ထားသည်။ ထောင့်စွန်းတစ်ခုစီတွင် ခြင်္သေ့တစ်ကောင်စီ ထိုင်နေဟန်ဖြစ်ပြီး အလယ်တွင် ဆင်ရုပ်ကို ထုဆစ်ထားသည်။ ပန်းချီပုံ(၇)ကို ရှုပါ။ အလားတူသော စတူပါတစ်ဆူကိုလည်း

မဟာမုနိပြတိုက်ဟောင်းတွင် တွေ့ရသည်။ ဤစတူပါ ကုဗမျက်နှာပြင်တွင်လည်း စအင်းရွာဟောင်းကကဲ့သို့ ဆင်ုပ်၊ ခြင်္သေ့ုပ်များကို ပီပီပြင်ပြင် ထုဆစ်ထားသည်။ ပန်းချီပုံ(၄) ူပါ။

အခြားအုပ်ပုံတစ်ခုကိုလည်း စအင်းရွာဟောင်းစတူပါတွင် တွေ့ရှိရသည်။ 'လူ့ကိန္နရီ'ဟုယူဆရသော အုပ်ငယ်များကို စတူပါ၏ ကုဗမျက်နှာပြင်အောက်အနား၌ ထည့်သွင်းထုဆစ်ထားသည်။ မျက်နှာပြင်လေးခု၌ အုပ်စုစုပေါင်း ၁၂-ုပ်ပါရှိသည်။ ပုံမှာ ရှိုးနေဟန်ဖြစ်ပြီး ကြွကြွရွရွရှိလှသည်။

ထို့ကြောင့် ဝေသာလီသားတို့သည် ကျောက်ထွင်းအတတ်ပညာ၌ ပန်းကွက်ပုံသာမက အခြားအုပ်များကိုလည်း ထုလုပ်ရာ၌ ကျွမ်းကျင်မှုရှိကြသည်။ တနည်းအားဖြင့်ပြောလျှင် ယနေ့မြင်တွေ့နေရသော ကျောက်ထွင်းပန်းကွက်၊ အုပ်ပုံများ ထုလုပ်ခဲ့ခြင်းသည် လွန်ခဲ့သော နှစ်ပေါင်း(၁၅၀၀)ခန့်အကြာက ထုလုပ်ခဲ့သော လက်ရာများ ဖြစ်သဖြင့် ယခုမျက်မှောက် ကာလအခြေအနေနှင့်သုံးသပ် ရနိုင်မည်မဟုတ်ပါ။ ယခုမှ နောင်သို့ နှစ်ပေါင်း (၁၅၀၀)နောက်သို့ဆုတ် တိုးတက်ထွန်းကားမှုကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

## ၄-၃။ စတူပါနှင့် ဓါတ်မွေတော်

ယနေ့ ရခိုင်ပြည်နယ်တွင် တွေ့မြင်နေကြရသော စတူပါများကို တောကြားတောင်ကြားတို့မှ ရရှိတွေ့ရှိလာသည့်အပြင် အချို့မှာ စေတီပြိုရာမှလည်း ရရှိခဲ့ကြသည်။ ကျောက်တော်တောင်မှ စတူပါသည် စေတီပြိုရာမှ ထွက်လာကြောင်း သိရသည်။ မီးမွေးတော်ဓါတ်မှ စတူပါသည်လည်း မီးမွေးတော်ဓါတ်မှ ရရှိခဲ့ခြင်း ဖြစ်သည်။ မောင်တောမြို့နယ်၊ ဥဒေါင်းစေတီမှ စတူပါဖိနပ်ခုံ (၂)ခုသည်လည်း အဆိုပါစေတီ

ထဲမှ ရရှိခဲ့ကြောင်းသိရသည်။ မင်းပြားမြို့နယ် အိုးပုံတောင်ရွာမှ စတူပါသည်လည်း စေတီပြိုကျရာမှ ထွက်လာခြင်းဖြစ်သည်။

ထို့ကြောင့် ရှေးက  အချို့သောစတူပါစေတီငယ်များကို ငုံလည်းကောင်း၊ ထည့်သွင်း လည်းကောင်း စေတီတည်ခဲ့ကြောင်း သိရသည်။ စာရေးသူ သမိုင်းလေ့လာစက ဆရာကြီးဦးဦးသာထွန်းပြောပြသော စကားတစ်ခွန်းကို မှတ်မိနေပါသေးသည်။ ဆရာကြီးက 'စတူပါများ တည်ရှိနေရာသည် ဓါတ်မွေတော်အစစ်ကို ပြသည်'ဟု ပြောဖူးပါသည်။ ဆရာကြီးပြောခဲ့သောစကားကို ဆက်စပ်တွေးခေါ်လာသည့်အခါ၌ စတူပါများသည် ဓါတ်မွေတော်များနှင့်ပတ်သက်  ရှိနေသည်ကို ယခုသဘောပေါက် နားလည်ခဲ့ပြီဖြစ်ပါသည်။

## ၄-ဃ။ စတူပါများကိုတည်ထားခြင်း၏  ရည်ရွယ်ချက်

စတူပါများကို လေ့လာရာ၌ ထိုသို့စတူပါများကို မည်သည့်အတွက်ကြောင့်  ထုလုပ်ခဲ့ကြသည်။ မည်သည့်ရည်ရွယ်ချက်များ  ပါဝင်သည်ကိုလည်း လေ့လာသင့်ပါသည်။

သီရိဝိရစန္ဒြဒေဝမင်း၏ ကျောက်စာအရ စတူပါကို လှူဒါန်းရခြင်းသည် 'ကမ္ဘာ့အဆင်းတန်ဆာဖြစ်ကြောင်း' ခံယူထားပါသည်။ တောင်ကုတ်မြို့နယ်၊ အိုးထိန်းကျောက်စာ၌မူ 'ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံစေရန်'ဟူသော ရည်ရွယ်ချက်ကို တွေ့ရသည်။ မြောက်ဦးပြတိုက် စ/၂၃ စတူပါကျောက်စာအရဆိုလျှင် 'ဘုရားရှင်အား'ရည်ရွယ်လျက် တည်ထားကြောင်း သိရသည်။

ထို့ကြောင့် စတူပါတည်ထားခြင်း၏ ရည်ရွယ်ချက်သည် တစ်ဦးနှင့်တစ်ဦး မတူညီကြပါ။ ဘုရားရှင်အားလည်းကောင်း၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန်ကိုလည်းကောင်း၊  ကမ္ဘာ့အဆင်းတန်ဆာဖြစ်စေရန်

ကိုလည်းကောင်း ရည်ရွယ် တည်ထားခဲ့ကြောင်း သိရသည်။

သို့သော်လည်း စတူပါများတွင် ဗုဒ္ဓ ပ်တုဆင်းတုတော်များကို ထည့်သွင်းပါရှိနေခြင်းက စတူပါကို ကိုးကွယ်ပူဇော်မှုရှိခဲ့ကြောင်းမှာ ထင်ရှားနေပါသည်။

# အခန်း (၅)
# ရခိုင်ပြည်နယ်အရပ်ရပ်မှ စတူပါကျောက်စေတီငယ်များ

ဤအခန်း၌ ရခိုင်ပြည်နယ်ရှိ မြို့နယ်များတွင် ယနေ့အထိ တွေ့မြင်ကြရသော စတူပါများ၏အကြောင်းကို အကျဉ်းချုံး ဖော်ပြလိုပါသည်။

## ၅–က။ မြောက်ဦးမြို့နယ်မှ စတူပါများ

မြောက်ဦးမြို့နယ်၌ ယနေ့အထိ ရှာဖွေလေ့လာမှုအရ စတူပါ (၂၅)ဆူကို ရရှိပါသည်။ ဤစတူပါ (၂၅)ဆူအနက် (၂၁)ဆူ၏ ဓါတ်ပုံကိုသာ တင်ပြနိုင်ခဲ့သည်။ ကျန်စတူပါ(၄)ဆူမှာ အကျိုးအပြတ် ဓါတ်ပုံ႑ိုက်ယူ မရနိုင်သည့် အခြေအနေတွင်ရှိနေကြ မဖော်ပြတော့ပြီ။ ယင်းအနက် စတူပါ(၂)ဆူမှာ ပျောက်ဆုံးနေပါသည်။ သို့သော်လည်း ပင်မလာဂတ်မင်စာအုပ်မှ ပြန်လည်ကူးယူ ဖော်ပြလိုက်ရပါသည်။

မြောက်ဦးမြို့နယ် နန်းကျားကြီးသိမ်ထဲမှ စတူပါ(၁)ဆူသည် ပန်းကွက်ပုံများပါရှိသော စတူပါဖြစ်ပါသည်။ ရွာဟောင်းတောမှ စတူပါသည်လည်း မုခ်နှင့်ဘုရားဆင်းတုပါ စတူပါဖြစ်သည်။ ထို့အပြင်

စတူပါတွင် နံရံကပ်စေတီငယ်ပါသော စတူပါ(၃)ဆူကိုလည်း မြောက်ဦးမြို့၌ တွေ့ရသည်။ မြောက်ဦးမြို့ ရှေးဟောင်းသုတေသနပြတိုက် နံပါတ်(စ/၂၃)မှ စတူပါသည် ကျောက်စာပါရှိပြီး သမိုင်းအတွက် အလွန်တန်ဖိုးရှိသော စတူပါတစ်ဆူ ဖြစ်ပါသည်။ ဤမြို့နယ်၌ ကျောက်စာပါစတူပါ စုစုပေါင်း (၄)ဆူကိုသာ တွေ့ရသည်။ ရှေးယခင်က စတူပါများ ဤထက်မက ရှိခဲ့လိမ့်မည်ဖြစ်သည်။ ထုခွဲဖျက်ပစ်ကြသော စတူပါ အများရှိခဲ့သည်။ နောက်လည်း ပေါ်လာကောင်း ပေါ်လာနိုင်ပါသည်။

မြောက်ဦးမြို့နယ်သို့ ကွင်းဆင်းလေ့လာဆောင်ရွက်ရာ၌ ကိစ္စအဝဝကို ကူညီပံ့ပိုးခဲ့ကြသော တက်ထွန်းနီ (မြောက်ဦး)၊ နောင်အေး (အနောက်)၊ မောင်ဒေဝ၊ ကျော်သာဇွန် ၊ ပန်းချီထူးလှနှင့် မောင်သန်းလှိုင်တို့ကို ကျေးဇူးတင်ရှိပါသည်။

## ၅-ခ။ ကျောက်တော်မြို့နယ်မှ စတူပါများ

ကျောက်တော်မြို့နယ်မှ စတူပါ (၁၀)ဆူစာရင်းကို ရရှိပါသည်။ ကျောက်တော်တောင်မှ စတူပါတစ်ဆူသည်လည်းကောင်း၊ ဓါတ်ပုံ (၁၈) ပါ မှန်နှင့်ဘုရားဆင်းတုပါ စတူပါတစ်ဆူသည် လည်းကောင်း ပျောက်ဆုံးနေပါသည် ။ ကျောက်တော်မြို့နယ် မီးချောင်းဝမှ စတူပါ(၂)ဆူလည်း စစ်တွေမြို့ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိနေသည်။ မဟာမုနိပြတိုက်၌ စတူပါ(၃)ဆူနှင့် အောက်ခံဖိနပ်တစ်ခုကိုသာ တွေ့ရသည်။ ထို့အပြင် ကျောက်တော်မြို့နယ်ကဟု ယူဆရသော နံရံကပ်စေတီပုံပါ စတူပါတစ်ဆူသည် စစ်တွေမြို့ မဟာကုသလကျောင်းဝင်းထဲ ရှိနေသည်။ မဟာမုနိပြတိုက်ဟောင်းမှတွေ့ရသော စတူပါငယ်တစ်ဆူ၏ ကုဗမျက်နှာပြင်ပေါ်မှ ခြသေ့်ုပ်နှင့်ဆင်ုပ် ထွင်းထုထားခြင်းသည် စိတ်ဝင်စား

ဖို့ ကောင်းပါသည်။ စတူပါ (၁၀)ဆူ အနက် (၅)ဆူ၌ ကျောက်စာကို တွေ့ရသည်။

ကွင်းဆင်းလေ့လာရာ၌ အကူအညီပေးခဲ့ကြသော သူမြတ်(မဟာ အောင်မြေ)၊ ကိုကျော်စိန်(သတင်းထောက်)နှင့် မဟာမုနိရှေးဟောင်း ဌာနမှ ကိုမောင်မောင်သန်းတို့ကို ကျေးဇူးတင်ရှိပါသည်။

## ၅-ဂ။ ပုဏ္ဏားကျွန်းမြို့နယ်မှ စတူပါများ

ပုဏ္ဏားကျွန်းမြို့နယ်၌ စတူပါ (၄)ဆူကိုသာ တွေ့ရသည်။ မြို့မ စေတီ၌ (၂)ဆူ (တစ်ဆူမှာ ငါးပုံနှင့်ပန်းပုံ ပါရှိသည်။) အင်ကြင်းတော ရကျောင်းတွင် (၁)ဆူနှင့် ကျောက်ဆိပ်ဘုန်းကြီးကျောင်း၌ (၁)ဆူရှိ ကြောင်း သိရသည်။

## ၅-ဃ။ မြေပုံမြို့နယ်မှ စတူပါများ

မြေပုံမြို့နယ်၌ စတူပါ(၅)ဆူကို တွေ့ရသည်။ ယင်းအနက် ဝက် ခေါင်းကျေးရွာမှ စတူပါမှာ ဖိနပ်ခုံများဖြစ်ပြီး ခွဲထုတ်လေ့လာသည့် အခါ စတူပါ(၃)ဆူဖြစ်ကြောင်း သိရသည်။ ကျန်နှစ်ဆူမှာ အင့ူခါတ်၌ တစ်ဆူဖြစ်ပြီး၊ ကွန်းချောင်းကျွန်း၌ တစ်ဆူဖြစ်ပါသည်။ ရှေးက ကျွန်း ချောင်းကျွန်း၌ စတူပါ(၄)ဆူရှိခဲ့ကြောင်း သိရသည်။ ယခု (၁)ဆူတည်း သာ ရှိတော့သည်။ ကွန်းချောင်းမှစတူပါ၌ စာပါရှိကြောင်း သိရသည်။

ကွန်းချောင်း ပြိုင်းတောရွာမှ စတူပါ၏အကြောင်းနှင့် ခါတ်ပုံကို အကူအညီပေးခဲ့သည့် ဧညကျော်ဝင်း(ဦးအောင်ကျော်ဝင်း စည်ပင်အ ရာရှိ)အားလည်းကောင်း၊ အခြားကိစ ကို ကူညီခဲ့သည့် ဦးဖြူထွန်းအောင် (ကျောက်ဖြူထွန်းသန္တာ)အားလည်းကောင်း ကျေးဇူးတင်ရှိပါသည်။

## ၅-င။ ရသေ့တောင်မြို့နယ်မှ စတူပါများ

ရသေ့တောင်မြို့နယ် ကူတောင်ကျောက်ပန်းကျင်းအရပ်၌ စတူပါ(၄)ဆူကို တွေ့ရသည်။ စတူပါများမှာ အပြီးအပျက်များဖြင့် ရှိနေကြသည်။ ယင်းစတူပါတို့သည် ယခု ရသေ့တောင်မြို့နယ် ကူတောင်ရွာ တောင်ကျောင်း၌ ထိန်းသိမ်းထားပါသည်။ ဤစာအုပ်၌ ဖော်ပြနိုင်ရန် စတူပါဓါတ်ပုံကို ကူညီခဲ့သော အထက်လေညင်းတောင်ရွာမှ ဆရာတော် ဇယန္တဗောဓိ(ပန်းအောင်)ကို ကျေးဇူးတင်ရှိပါသည်။

## ၅-စ။ တောင်ကုတ်မြို့နယ်မှ စတူပါများ

တောင်ကုတ်မြို့နယ်၌ စတူပါ (၄)ဆူကို တွေ့ရသည်။ တောင်ကုတ်မြို့၏ မြောက်ဘက်ကန့်ချုပ်တောင်တန်းမှာ ရှိနေခြင်းဖြစ်သည်။ မုခ်ဝနှင့်ဘုရားပုံပါသော စတူပါ(၁)ဆူကိုလည်း တွေ့ရပါသည်။

တောင်ကုတ်မြို့နယ်သို့ ကွင်းဆင်းလေ့လာရာ၌ ကူညီခဲ့ကြသော လင်းနောင်(တောင်ကုတ်)နှင့် တောင်ကုတ်မြို့နယ် လမ်းစီမံကိန်းမှ မင်းပြားသားမောင်ဝင်းမြင့်တို့ကို ကျေးဇူးတင်ရှိပါသည်။

## ၅-ဆ။ ပေါက်တောမြို့နယ်မှ စတူပါများ

ပေါက်တောမြို့နယ်၌ စတူပါ စုစုပေါင်း(၃၅)ဆူရှိကြောင်း သိရသည်။ တောင်ရင်းကျွန်း၌ (၄)ဆူဖြစ်သည်။ ဆံတော်ရှင်ကျွန်း၌ (၃၁)ဆူရှိသည်။ ဆံတော်ရှင်ကျွန်း(မြေငူကျွန်း)မှ စတူပါများကို ဆရာမောင်ဗသိန်းကကွင်းဆင်း ဆံတော်ရှင်ဘုရားသမိုင်းတွင် ဓါတ်ပုံများနှင့်တကွ တင်ပြထားသည်။ အသေးစိပ်ကို ထိုစာအုပ်နှင့် လေ့လာဖတ်ရှုနိုင်ပါသည်။ ယခု ကျွန်ုပ်ကွင်းဆင်းလေ့လာစဉ်က တွေ့ရှိခဲ့ရသော ဆံတော်ရှင်ကျွန်းမှ စတူပါဓါတ်ပုံ(၇)ပုံခန့်ကိုသာ တင်ပြလိုက်ရပါသည်။

တောင်ရင်းကျွန်း၊ ကြိမ်ခွေမော်ရွာ၌ (၃)ဆူဖြစ်ပြီး မေကံယုံသင်္ချိုင်း အရပ်၌ (၁)ဆူကို တွေ့ရသည်။ ရှေးက မေကံယုံသင်္ချိုင်း၌ (၄)ဆူ ရှိခဲ့ကြောင်း သိရသည်။ သိုက်ဆရာများ ဖျက်ဆီးခြင်းကို ခံခဲ့ရသည်။ ဤစာအုပ်၌ တောင်ရင်းကျွန်းမှ စတူပါဓါတ်ပုံ(၄)ပုံကို တင်ပြထားပါသည်။

တောင်ရင်းကျွန်းတပတ်သို့ ကွင်းဆင်းလေ့လာရာ၌ ကူညီခဲ့ကြသော ပေါက်တောမြို့ လိုင်ဇိုးတော်ဂေါပကမှ ဦးမောင်သိန်းရွှေ၊ ဦးသာဖံမောင်၊ ဦးကြွင်းအောင်တို့ကို ကျေးဇူးတင်ရှိပါသည်။

## ၅-ဇ။ မင်းပြားမြို့နယ်မှ စတူပါများ

မင်းပြားမြို့နယ်မှ စတူပါ(၈)ဆူကို တွေ့ရသည်။ စအင်းရွာဟောင်း၌ (၆)ဆူဖြစ်သည်။ ကျွန်းတောင်မှ (၁)ဆူ၊ အိုးပုံတော်မှ (၁)ဆူဖြစ်သည်။ စအင်း၌ ယခင်က (၇)ဆူရှိခဲ့ကြောင်း သိရသည်။ (၁)ဆူကို ဝက်ချောင်းမှ ကျင်သန်တစ်ဦး ဖြိုခွဲပစ်သည်ဟု သိရသည်။

စအင်းမှစတူပါများအနက် (၄)ဆူသောစတူပါ၌ ပန်းပုံ၊ အ ုပ်ပုံများ ပါရှိကြသည်။ သမိုင်းအတွက် တန်ဖိုးရှိလှပါသည်။

မင်းပြားမြို့နယ်အတွင်းသို့ ကွင်းဆင်းရာ၌ကူညီခဲ့ကြသော ကုလားမတောင်ရွာမှ ဦးမောင်သာဒိုး၊ စအင်းရွာဟောင်းမှ ဦးယိုင်မြအောင်နှင့် ဦးမောင်ကျန်တို့ကို ကျေးဇူးတင်ရှိပါသည်။

## ၅-ဈ။ အမ်းမြို့နယ်မှ စတူပါများ

အမ်းမြို့နယ် ဒလက်တောင်ရွာ၌ စတူပါများကို လေ့လာသည့်အခါ၌ စတူပါ (၁၀)ဆူတိတိကို တွေ့ခဲ့ရသည်။ စတူပါ(၂)ဆူ၌ ပန်းကွက်ပုံ၊ ဘုရားပုံ၊ မုန်ပြ ဒ်ပုံအဖြစ်ဖြင့် လည်းကောင်း၊ အခြား (၂)ဆူ၌ ကျောက်စာမှုန်ဝါးဝါးကို တွေ့ရသည်။

ကွင်းဆင်းသွားရောက်သူ လိုက်ပါကူညီခဲ့သော ကေသလာစော မောင်နှင့် ဒလက်တောင်ရွာမှ ဘုရားလူကြီးများကို ကျေးဇူးတင်ရှိပါသည်။

## ၅-ည။ ကျောက်ဖြူမြို့နယ်မှ စတူပါများ

ယခင် ဆရာတော်ဦးပညာစာရ ကျောက်ဖြူမြို့နယ်သို့ ကွင်းဆင်းလေ့လာမှုအရ ကျောက်ဖြူမြို့နယ်၌ စတူပါများကို ချောင်းနက်ရွာဘုန်းကြီးကျောင်း၌ လည်းကောင်း၊ စနဲ မင်းပြင်ဘုန်းကြီးကျောင်း၌လည်းကောင်း၊ ဂန့်ဂါဘက်တွင် လည်းကောင်း ၊ မစိုင်းကျောက်တောင်တွင်လည်းကောင်း၊ ဇင်ချောင်း တောင်ရင်းရွာဟောင်းတွင်လည်းကောင်း စတူပါများရှိကြောင်း သိရသည်။

ကျွန်ုပ်ယင်းစာရင်းအရ ကွင်းဆင်းလေ့လာသည့်အခါမှာ စနဲမင်းပြင်ကျောင်း၌ မတွေ့ခဲ့ရပါ။ ဇင်ချောင်းတောင်ရင်းရွာဟောင်းတွင် (၁) ဆူနှင့် ချောင်းနက်ရွာတွင် (၂)ဆူကိုသာ တွေ့ခဲ့ရပါသည်။ ဂန့်ဂါနှင့် မစိုင်းကျောက်တောင်သို့ ခရီးမကြုံ မရောက်ရှိနိုင်ခဲ့ပါ။ ဒေသခံစာရေးဆရာတစ်ဦးက ကူညီမည်ပြောခဲ့သော်လည်း ယနေ့အထိ အကျိုးအကြောင်းကိုမသိရ ယင်းမှအကြောင်းကို ဤစာအုပ်၌ ဝမ်းနည်းစွာ ချန်လှပ်ထားခဲ့ရပါသည်။

ယခု ကျွန်ုပ်ကွင်းဆင်းလေ့လာမှုအရ စတူပါ(၃)ဆူကိုသာ တွေ့ခဲ့ရပါသည်။ ချောင်းနက်ဘုန်းကြီးကျောင်းမှ စတူပါ(၁)ဆူသည် ထူးခြားမှုရှိသည်။ စတူပါ၏ မျက်နှာပြင်အားလုံး၌ မြောက်ဦးခေတ် မင်းဖလောင်းလက်ထက်ကျောက်စာကို ရေးထိုးထားပါသည်။

ကျောက်ဖြူမြို့မှ ကူညီခဲ့သော အောင်ထက်ခိုင်(စနဲ)၊ မင်းရှိန်အောင်၊ ကိုထွေးတင်၊ အမ်တီတီ၊ ဝတီထွန်းတို့ကို ကျေးဇူးတင်ပါသည်။

ဇင်းချောင်းသို့ ကွင်းဆင်းရာ၌ အလင်းသစ်စာကြည့်တိုက်မှ က ဗျာဆရာ ကိုထွေးတင်(ဇင်းချောင်း)၊ ကိုထွန်းထွန်းနိုင်၊ ကိုမောင်ဖြူနှင့် ချောင်းနက်ရွာသို့ ကွင်းဆင်းဆောင်ရွက်ရာ၌ အထူးဂရုတစိုက် ကူညီပေးခဲ့သော တောင်ငူရွာမှ အ-မ-က ဆရာကြီး ကိုအောင်တင့်နှင့်တို့ကို အထူးကျေးဇူးတင်ရှိပါသည်။

## ၅-၄။ မောင်တောမြို့နယ်မှ စတူပါများ

မောင်တောမြို့နယ်မှ စတူပါကို မတွေ့ရပါ။ သို့သော်လည်း မောင်တောမြို့နယ် ဥဒေါင်းရွာ၊ ဥဒေါင်းစေတီမှ လွန်ခဲ့သောနှစ်များကဖြိုဖျက်ခဲ့ရာ စေတီထဲမှ စတူပါဖိနပ်ဟုယူဆရသော ဖိနပ်ခုံကျောက်ပြား(၂)ခုကို ရရှိခဲ့ကြသည်။ ယခု ထိုဖိနပ်ခုံကို စေတီထဲ၌ ဌာပနာလိုက်ကြပြီဖြစ်သည်။ ဓါတ်ပုံ (၂)ပုံသာ ကျန်တော့သည်။ ဤဓါတ်ပုံ(၂)ပုံမှာလည်း တစ်ပုံမှာ မှုန်ဝါးဝါးဖြစ်နေသည်။ ထင်ရှားသော ဖိနပ်ခုံကျောက်ပြား ဓါတ်ပုံ(၁)ပုံကိုသာ ဤစာအုပ်၌ ဖော်ပြလိုက်ရသည်။

မောင်တောမြို့သို့ရောက်ခဲ့စဉ်က ကူညီခဲ့သော ဆရာတော်အသျှင်စကိ နှင့် ဓါတ်ပုံကိုကူညီခဲ့သော ဦးညိုလှဖြူတို့ကို ကျေးဇူးတင်ရှိပါသည်။

## ၅-၅။ ပလက်ဝမြို့နယ်မှ စတူပါများ

ပလက်ဝမြို့နယ်၌ စတူပါတစ်ဆူကို မီးချောင်း မီးမွေတော်ဓါတ်မှ ရရှိခဲ့သည်။ ထို့အပြင် မြောက်ဦးမြို့ ပန်းချီထူးလှ၏ သတင်းပေးချက်အရ မြောက်ဦးမြို့၊ မြို့သစ်ရပ်ကွက် ပန်းရံဆရာဦးမောင်အေးသာ၏သား သန်းဝင်း၏ ကိုယ်တွေ့အရ ပလက်ဝမြို့မှ အထက်မြောက်ဘက်(၂၅)မိုင်အကွာ ကုန်းတော်ရွာ၏ အရှေ့ဘက် ကုန်းတော်ဓါတ်အရပ်၌လည်း စတူပါများရှိခဲ့ကြောင်း သိရသည်။

ယင်းကို (၂၇–၉–၂၀၀၂)နေ့က ဆရာမောင်ကျော်ဇောနှင့်သွားပြီး ဦးမောင်အေးသာ၏သား သန်းဝင်းနှင့်တွေ့ဆုံရာ ၎င်းက ကုန်းတော်စေတီ၏ တောင်ဘက်တောင်တက်လမ်း၌ စတူပါ(၈)ဆူခန့်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရကြောင်း ပြောပြပါသည်။ သုတေသီများ သွားရောက်လေ့လာနိုင်ရန် လမ်းညွှန်ဖော်ပြလိုက်ရပါသည်။

## ၅–ဃ။ ဘူးသီးတောင်မြို့နယ်မှ စတူပါများ

ဘူးသီးတောင်မြို့နယ်၌ ယနေ့အထိ စတူပါ(၁)ဆူတည်းသာ တွေ့ရှိရသည်။ ထိုစတူပါမှာ ဒုံးသိမ် (န–စ–က)စခန်း၌ ရှိနေသည်။ ဆရာမောင်ဗသိန်းတင်ပြခဲ့ပြီးဖြစ်သော စတူပါပုံကို ကိုးကား ဖော်ပြလိုက်ရသည်။ စိုင်းတင်မဂ္ဂဇင်းအမှတ်(၁)၌ လေ့လာနိုင်ပါသည်။

## ၅–င။ ရမ်းဗြဲမြို့နယ်မှ စတူပါများ

ဆရာတော် ရမ္မာဝတီပညာစာရ၏ ရှေးယခင်ကွင်းဆင်းလေ့လာမှုအရ ရမ်းဗြဲမြို့နယ်၌ စတူပါ(၃)ဆူရှိကြောင်း သိရသည်။ ယင်း၌ အချိန်မပေးနိုင် မိမိသည် ထန်းပြိန်းမှ စတူပါ(၁)ဆူတည်းကိုသာ ကိုယ်တွေ့မြင်ခဲ့ရသည်။

အခြားဖြစ်သော ကျောက်ချောင်းတောင်နယ်ပြားကျောင်းမှ စတူပါနှင့် ကျောက်မသာရွာမှ စတူပါတို့ကို သွားရောက်လေ့လာရန် အချိန်မပေးနိုင်ခဲ့ ဒေသခံစာရေးဆရာ မောင်လှိုင်(လမှ)ကို အကူအညီတောင်းခံခဲ့ရသည်။ သူ၏ပြန်စာတစ်စောင်တွင် ဓါတ်ပုံများသွားရိုက်ရာ ပျက်သွားကြောင်း သိရသည်။ သို့ဖြစ် ရမ်းဗြဲမြို့နယ်မှ စတူပါ ဓါတ်ပုံတစ်ပုံကိုသာ ဖော်ပြနိုင်ခြင်းကို နားလည်သဘောပေါက်စေလိုပါသည်။

ရမ်းဗြဲသို့ရောက်ခဲ့စဉ်က ကူညီခဲ့ကြသည့် မောင်လှိုင်(လမှ)နှင့်

ကိုယ်ရမ္မာတို့ကို ကျေးဇူးတင်ပါသည်။

## ၅–ဏ။ စစ်တွေမြို့နယ်မှ စတူပါများ

စိုက်/ဘဏ်မှ ကိုစံညွန့်၏ သတင်းနှင့်ဓါတ်ပုံ ပေးပို့ချက်အရ စစ်တွေမြို့နယ်မှာလည်း ဝေသာလီခေတ်အထောက်အထား စတူပါတစ်ဆူကို တွေ့ရသည်။ နေရာမှာ အာကျိတ်တော်ကုန်း၊ ဂူကျောင်းအရပ်မှ ဖြစ်သည်။

စတူပါဖိနပ်နှင့် အပေါ်ပိုင်းတို့မှာ ပျက်စီးနေကြပြီ။ ဓါတ်ပုံ(၇၇)၂ပါ။ ဤသို့ဆိုလျှင် စစ်တွေမြို့အရပ်သည် ဝေသာလီခေတ်ကပင် ထင်ရှားစွာရှိနေခဲ့ပေပြီဟု မှတ်ယူရမည်။

အထက်တွင်တင်ပြခဲ့သည့် စတူပါများသည် ယနေ့ထိ တွေ့ရှိထားပြီးဖြစ်သော စတူပါများဖြစ်ကြပါသည်။

နောက်နောင်မှာလည်း ထိုဒေသတို့၌ ရရှိလာကြလိမ့်မည်ဟု ယုံကြည်ရသည်။

သံတွဲမြို့မှ ဆရာတော် ကောသလ္လ(ဂဝေသီ)နှင့် ဆက်သွယ်ခဲ့ရာ ယင်းမြို့နယ်၌ စတူပါမတွေ့ရသေးကြောင်း စာပြန်ခဲ့ပါသည်။ ထို့နောက် မန်အောင်မြို့နယ်၊ ဂွမြို့နယ်များသို့ စုံစမ်းခဲ့ရာတွင်လည်း မရှိကြောင်း သိရပါသည်။

သို့သော်လည်း ယနေ့အချိန်မှာ မတွေ့မြင်နိုင်ကြစေမူ နောင်သောအခါကာလတို့၌ ထိုမြို့နယ်များတွင် စတူပါများ တွေ့နိုင်ကောင်း တွေ့ရှိလာကြလိမ့်မည်ဟု ယုံကြည်ရပါသည်။

ယခုတင်ပြဖော်ပြခဲ့သည့် စတူပါများသည် အကြွင်းအကျန်မျှ လောက်သာ ဖြစ်သည်။ ရှေးက ဤထက်မက များပြား ရှိနေခဲ့မည်ဟု ယုံကြည်ရသည်။

# အခန်း(၆)
# စတူပါတည်ရှိရာ အညွှန်းဇယား

| pO | "gwfkHn Tf | wn f8lnNE, f | wn f8ln &yf | |
|---|---|---|---|---|
| | | | , ci f | , ck |
| 1 | "gwfk(1) | ajrmu f(D | a0o mv NKd | ajrmu f(Dywd f |
| 2 | "gwfk(2) | ajrmu f(D | a0o mv NKd | ajrmu f(Dywd f |
| 3 | "gwfk(3) | ajrmu f(D | b D,u ef | ajrmu f(Dywd f |
| 4 | "gwfk(4) | ajrmu f(D | yefu kfo cdf | ajrmu f(Dywd f |
| 5 | "gwfk(5) | ajrmu f(D | a0o mv bD&n;v S | ajrmu f(Dywd f |
| 6 | "gwfk(6) 0J | ajrmu f(D | a0o mv Drd&mB ,D | ajrmu f(Dywd f |
| 7 | "gwfk(6) , m | ajrmu f(D | a0o mv NKd[ mif; | ajrmu f(Dywd f |
| 8 | "gwfk(7) | ajrmu f(D | a0o mv Du fcwfawmif | ajrmu f(Dywd f |
| 9 | "gwfk(8) | ajrmu f(D | o ( pfo mif;y&d wd | ajrmu f(Dywd f |
| 10 | "gwfk(9) 0J | ajrmu f(D | eef(Dau smif; | ajrmu f(Dywd f |
| 11 | "gwfk(9) , m | ajrmu f(D | eef(Dau smif; | ajrmu f(Dywd f |
| 12 | "gwfk(10) 0J | ajrmu f(D | eefu sm;B ,D cdf | eefu sm;B ,D cdf |
| 13 | "gwfk(10) v , f | ajrmu f(D | eefu sm;B ,D cdf | eefu sm;B ,D cdf |
| 14 | "gwfk(10) , m | ajrmu f(D | eefu sm;B ,D cdf | eefu sm;B ,D cdf |
| 15 | "gwfk(11) | ajrmu f(D | v u fu mv ydfawmif | v u fu mv ydfawmif |

# အခန်း(၆)
# စတူပါတည်ရှိရာ အညွှန်းဇယား

| pOf | t a&t wGuf | v u f&S jri f pi fwEUDm | o u Ef;pn f;ywf v n f pi fwEUDm | x l;jcm;rI |
|---|---|---|---|---|
| 1 | 1 | 79 | 109 | |
| 2 | 1 | 87 | 101 | |
| 3 | 1 | 102 | 140 | |
| 4 | 1 | 120 | 89 | |
| 5 | 1 | 59 | 64 | au smu f pnyg&S |
| 6 | 1 | 87 | 61 | au smu f pnyg&S |
| 7 | 1 | 41 | 59 | apwyDk;I fyg |
| 8 | 1 | 41 | 55 | apwyDk;I fyg |
| 9 | 1 | 97 | 110 | ye;fu G;f apwyDku smu f pn&S |
| 10 | 1 | 69 | 69 | |
| 11 | 1 | 18 | - | |
| 12 | 1 | 52 | 78 | |
| 13 | 1 | 107 | 105 | ye;fu G;f ykl&S |
| 14 | 1 | 55 | 75 | |
| 15 | 1 | 89 | 94 | |

## ဇယားအဆက်(၁)

| pOf | "gwyfkHn Tf | wn f&SmNHK, f | wn f&Sm &yf | |
|---|---|---|---|---|
| | | | , cif | , ck |
| 16 | "gwyfk(12) | ajrmu f)D | b &n;v Swmif | b &n;v Swmif |
| 17 | "gwyfk(13) | ajrmu f)D | &Gma[ mif;awmawmif | &Gma[ mif;awmawmif |
| 18 | "gwyfk(14) | ajrmu f)D | o Qpfao mif;yk d | o Qpfao mif;yk d |
| 19 | "gwyfk(15) | ajrmu f)D | o cs,fawmif | aysmu fq ;kH |
| 20 | "gwyfk(16) | ajrmu f)D | q Gf;csu fawmif | q Gf;csu fawmif |
| 21 | "gwyfk(H) | ajrmu f)D | rkwfq dwfawmif | aysmu fq ;kH |
| 22 | "gwyfk(H) | ajrmu f)D | t a&SUweafq mif; | ysu f);D |
| 23 | "gwyfk(H) | ajrmu f)D | a0o mv DNHK[ mif; | ysu f);D/yw d &S |
| 24 | "gwyfk(H) | ajrmu f)D | a0o mv DNHK[ mif; | ysu f);D/pn fyi f/kH&SU |
| 25 | "gwyfk(17) | ajrmu f)D | awZ&mau smif; | aysmu fq ;kH |
| 26 | "gwyfk(18) | au smu fawmf | au smu fawmfNHK, f | aysmu fq ;kH |
| 27 | "gwyfk(19) | au smu fawmf | au smu fawmfawmif | aysmu fq ;kH |
| 28 | "gwyfk(20) | r);Dcsmif;0 | | ppfaw;GOfau s;r Jywd f |
| 29 | "gwyfk(21) | au smu fawmf | r);Dcsmif;0 | ppfaw;GOfau s;r Jywd f |
| 30 | "gwyfk(22) | au smu fawmf | ykd 6 n &yf | r[ mkejywd f |

## ဇယားအဆက်(၁)

| pOf | t a&t wGuf | v u f&Sjri f pi fwEÐm | o u Efjpn fywfv n f pi fwEÐm | x ljcm;rI |
|---|---|---|---|---|
| 16 | 1 | - | 91 | |
| 17 | 1 | 77 | 77 | r kfESfhb &n;ykHk&S |
| 18 | 1 | 127 | - | r i ;fb nhkfESfhapw;DykH&S |
| 19 | 1 | - | - | au smu fpny&S |
| 20 | 1 | 120 | 59 | |
| 21 | 1 | - | - | |
| 22 | 1 | - | - | |
| 23 | 1 | - | - | |
| 24 | 1 | - | - | |
| 25 | 1 | - | - | |
| 26 | 1 | - | - | |
| 27 | 1 | - | - | |
| 28 | 1 | 59 | - | au smu fpny&S |
| 29 | 1 | 87 | - | au smu fpny&S |
| 30 | 1 | 69 | 87 | au smu fpny&S |

## ဇယားအဆက်(၂)

| pO | "gwfkHn Tf | wn f8lmNk, f | wn f8lm &yf | |
|---|---|---|---|---|
| | | | , ci f | , ck |
| 31 | "gwfk(23) | au smu fawmf | au smu fu syf | r[ mkejywkd f |
| 32 | "gwfk(24) 0J | au smu fawmf | au smu fwpfv kH | r[ mkejywkd f |
| 33 | "gwfk(24), m | au smu fawmf | wi f;r&Sm | r[ mkejywkd f |
| 34 | "gwfk(25) | au smu fawmf | r[ mkejywkd f | jywkd f a[ mif; |
| 35 | "gwfk(26) | au smu fawmfNk, f | au smu fawmfNk, f | ppfawG-k v au smif; |
| 36 | "gwfk(27) | yk®D m;u Ref;e, f | Q&mZfawmifwef; | at ;apwD |
| 37 | "gwfk(28) | yk®D m;u Ref;e, f | Q&mZfawmifwef; | at ;apwD |
| 38 | "gwfk(29) | yk®D m;u Ref;e, f | Q&mZfawmifwef; | t iMi f;awm&au smif; |
| 39 | "gwfk(H) | yk®D m;u Ref;e, f | au smu fq yd&Sm | ysu pf;D |
| 40 | "gwfk(30) | ajr yNk, f | t i l'gwf | t i l'gwf |
| 41 | "gwfk(31) | ajr yNk, f | 0u acgi f;&Sm | ysu pf;D |
| 42 | "gwfk(32) | ajr yNk, f | 0u acgi f;&Sm | ysu pf;D |
| 43 | "gwfk(33) | ajr yNk, f | 0u acgi f;&Sm | ysu pf;D |
| 44 | "gwfk(34) | ajr yNk, f | u C;acsmif;u Ref; | NyKf;awm&Sm |
| 45 | "gwfk(35) | &ao Ywmif | u lawmif | au smu fyef;u si f; |

## ဇယားအဆက်(၂)

| pOf t a&t wGef | v u f&Sd jri f pi f;wEdD;m | o u Ffjpn f;ywf v n f pi f;wEdD;m | x lj;c mr I |
|---|---|---|---|
| 31 | 1 | - | - | pwlygedycfkdI |
| 32 | 1 | 35 | 59 | |
| 33 | 1 | 52 | 60 | |
| 34 | 1 | - | - | ½kyfykdsn;yg&Sd |
| 35 | 1 | 111 | 32 | apwDykdSfhau smu fpnyg&Sd |
| 36 | 1 | 54 | 77 | yefu Gi fyRi gykdH&Sd |
| 37 | 1 | 44 | 79 | |
| 38 | 1 | 102 | 118 | |
| 39 | 1 | - | - | |
| 40 | 1 | 99 | 146 | |
| 41 | 1 | - | - | zdeycfkykH&Sd |
| 42 | 1 | - | - | zdeycfkykH&Sd |
| 43 | 1 | - | - | zdeycfkykH&Sd |
| 44 | 1 | 100 | 120 | au smu fpnyg&Sd |
| 45 | 4 | - | - | |

## ဇယားအဆက်(၃)

| pOf | "gvfykHn eTf | wn f&SdrnfES, f | wn f&Sdrnf a&yf | |
|---|---|---|---|---|
| | | | ,ci f | ,ck |
| 46 | "gvfyk(36) | awmiftu kwf | u edMSKyfawmif | u edMSKyfawmif |
| 47 | "gvfyk(37) | awmiftu kwf | u edMSKyfawmif | u edMSKyfawmif |
| 48 | "gvfyk(38) | awmiftu kwf | u edMSKyfawmif | u edMSKyfawmif |
| 49 | "gvfyk(39) | awmiftu kwf | u edMSKyfawmif | u edMSKyfawmif |
| 50 | "gvfyk(40) | aygu fawm | u sm;Mkwfawmif | B dacfaGrmf |
| 51 | "gvfyk(41) | aygu fawm | u sm;Mkwfawmif | B dacfaGrmf |
| 52 | "gvfyk(42) | aygu fawm | aru ,HkbIcsKf; | aru ,HkbIcsKf; |
| 53 | "gvfyk(43) | aygu fawm | u sm;Mkwfawmif | B dacfaGrmf |
| 54 | "gvfyk(44) | aygu fawm | q dHwm&Sfu Ref; | "gvfawmf eD |
| 55 | "gvfyk(45) | aygu fawm | q dHwm&Sfu Ref; | "gvfawmf eD |
| 56 | "gvfyk(46) | aygu fawm | q dHwm&Sfu Ref; | o dafawm&cm |
| 57 | "gvfyk(47) | aygu fawm | q dHwm&Sfu Ref; | o dafawm&cm |
| 58 | "gvfyk(48) | aygu fawm | q dHwm&Sfu Ref; | o dafawm&cm |
| 59 | "gvfyk(49) | aygu fawm | q dHwm&Sfu Ref; | o dafawm&cm |
| 60 | "gvfyk(50) | aygu fawm | q dHwm&Sfu Ref; | o dafawm&cm |

## ဇယားအဆက်(၃)

| pOf | t a&t wGuf | v u f&Sd jri f pi fwEDvm | o u Ef;pn f;ywf v n f pi fwEDvm | x l;jcm;rI |
|---|---|---|---|---|
| 46 | 1 | 95 | 117 | rkcf0ESifhb &ky&kyf |
| 47 | 1 | 41 | 109 | |
| 48 | 1 | 51 | - | |
| 49 | 1 | 79 | 97 | |
| 50 | 1 | 71 | 178 | |
| 51 | 1 | 71 | 178 | |
| 52 | 1 | 102 | 153 | |
| 53 | 1 | - | 178 | |
| 54 | | 171 | - | |
| 55 | | 89 | 120 | |
| 56 | | 87 | 115 | au smu f pnyg&S |
| 57 | | 107 | 102 | |
| 58 | | - | - | |
| 59 | | - | - | |
| 60 | | - | - | |

## ဇယားအဆက်(၄)

| pOf | "gwfyHkn TfH | wn f&Sdonf;NrdKU, f | wn f&Sda&;t &yf | |
|---|---|---|---|---|
| | | | , ci f | , ck |
| 61 | "gwfyHk(51) | aygu fawm | q ifawmif&Sifu &ef; | o cdfawmif&m |
| 62 | "gwfyHk(52) | ri f;jyn;NrdKU, f | pt i f;&Gma[ mif; | i &Hi f;"gwf |
| 63 | "gwfyHk(53) | ri f;jyn;NrdKU, f | pt i f;&Gma[ mif; | i &Hi f;"gwf |
| 64 | "gwfyHk(54) | ri f;jyn;NrdKU, f | pt i f;&Gma[ mif; | i &Hi f;"gwf |
| 65 | "gwfyHk(55) | ri f;jyn;NrdKU, f | pt i f;&Gma[ mif; | i &Hi f;"gwf |
| 66 | "gwfyHk(56) | ri f;jyn;NrdKU, f | pt i f;&Gma[ mif; | i &Hi f;"gwf |
| 67 | "gwfyHk(57) | ri f;jyn;NrdKU, f | pt i f;&Gma[ mif; | i &Hi f;"gwf |
| 68 | "gwfyHk(58) | ri f;jyn;NrdKU, f | u sdf;awmifwef; | &wenmAdmefau smif; |
| 69 | "gwfyHk(59) | ri f;jyn;NrdKU, f | t ljyKawmif | apwDj mif;t eD |
| 70 | "gwfyHk(60) | t rf;NrdKU, f | 'v u fawmif&Gma | b &m;o cdk J |
| 71 | "gwfyHk(61) | t rf;NrdKU, f | 'v u fawmif&Gma | b &m;o cdk J |
| 72 | "gwfyHk(62) | t rf;NrdKU, f | 'v u fawmif&Gma | b &m;o cdk J |
| 73 | "gwfyHk(63) | t rf;NrdKU, f | 'v u fawmif&Gma | b &m;o cdk J |
| 74 | "gwfyHk(64) | t rf;NrdKU, f | 'v u fawmif&Gma | b &m;o cdk J |
| 75 | "gwfyHk(65) | t rf;NrdKU, f | 'v u fawmif&Gma | b &m;o cdk J |

## ဇယားအဆက်(၄)

| pOf | t a&t wGuf | v u f&Sjri f pi f wEDm | o u Ef;pn f;ywf v n f pi f wEDm | x l;jcm;rI |
|---|---|---|---|---|
| 61 | - | - | - | |
| 62 | 1 | 137 | 133 | yef;u Gu f ygS8 |
| 63 | 1 | 112 | 117 | |
| 64 | 1 | 127 | 117 | yef;u Gu f ygS8 |
| 65 | 1 | 117 | 122 | q i f½kyf? jcao ÉMxkyf g |
| 66 | 1 | 33 | - | r kf0ESf;b &nf;ykdS8 |
| 67 | 1 | 92 | 100 | |
| 68 | 1 | 120 | 139 | |
| 69 | 1 | - | - | |
| 70 | 1 | 86 | 90 | yef;u Gu f ygS8 |
| 71 | 1 | 88 | 97 | r kf0ESf;b &nf;ykdS8 |
| 72 | 1 | 61 | - | au smu f pnyS8 |
| 73 | 1 | 78 | 91 | |
| 74 | 1 | 40 | - | au smu f pnyS8 |
| 75 | 1 | 55 | 91 | |

## ဇယားအဆက်(၅)

| pOf | "gwfyHkn Tf | wn f&Sm Nkdkuf, f | wn f&Sm &yf | |
|---|---|---|---|---|
| | | | , ci f | , ck |
| 76 | "gwfyk(66) | t rf;NkdK, f | 'v u f;awmi f&Gm | b &m;o ckd J |
| 77 | "gwfyk(67) | t rf;NkdK, f | 'v u f;awmi f&Gm | b &m;o ckd J |
| 78 | "gwfyk(68) | t rf;NkdK, f | 'v u f;awmi f&Gm | b &m;o ckd J |
| 79 | "gwfyk(69) | t rf;NkdK, f | 'v u f;awmi f&Gm | b &m;o ckd J |
| 80 | "gwfyk(70) | au sm u f;zLe, f | Zi f;acsmi f; | awmi f&i f;&Gm |
| 81 | "gwfyk(71) | au sm u f;zLe, f | acsmi f;eu f | b ef;B ;Dau smi f; |
| 82 | "gwfyk(72) | au sm u f;zLe, f | acsmi f;eu f | o cd f;[ mi f;&m |
| 83 | "gwfyk(73) | ar mi f;awme, f | Oa' gi f;apwD | Oa' gi f;apwD |
| 84 | "gwfyk(74) | yv u f0e, f | r ;D&Gm | r ;Dar ;Tawmf;gwf |
| 85 | "gwfyk(-) | yv u f0e, f | u ef;awmf;apwD | awmi f;vu f;v r f; |
| 86 | "gwfyk(75) | b ;lo ;Dawmi f | ' ;kd cd f | e-p-c pcef; |
| 87 | "gwfyk(76) | &rf;AHNkdK, f | x ef;yd&Gm | b &m;B ;D cd f |
| 88 | "gwfyk(-) | &rf;AHNkdK, f | au sm u f o m | ysu p;D |
| 89 | "gwfyk(-) | &rf;AHNkdK, f | au sm u f;acsmi f; | jyn;au smi f; |
| 90 | "gwfyk(77) | ppf;awf;NkdK, f | t mu s;d f;awmf*;au smi f; | *;au smi f; |

## ဇယားအဆက်(၅)

| pOft a&t wGef | | v u f&Sjri f pi fwEDm | o u Ffpn fywfv n f pi fwEDm | x ljcm;rI |
|---|---|---|---|---|
| 76 | 1 | 30 | 80 | |
| 77 | 1 | - | 16 | |
| 78 | 1 | 62 | 68 | |
| 79 | 1 | 43 | - | |
| 80 | 1 | 80 | 135 | |
| 81 | 1 | 84 | 94 | ajrmu f(Dacwfau smu fpnyg |
| 82 | 1 | 100 | 107 | |
| 83 | 1 | - | - | zdeyfckg |
| 84 | 1 | - | - | au smu fpnyg&S |
| 85 | 8 | - | - | wq i fajynjycsu f |
| 86 | 1 | - | - | |
| 87 | 1 | 56 | 69 | |
| 88 | 1 | - | - | |
| 89 | 1 | - | - | |
| 90 | 1 | - | - | |


# စတူပါဆိုင်ရာမှတ်တမ်းဓါတ်ပုံများ

စတူပါနှင့်သက်ဆိုင်သော
မှတ်တမ်းပုံများကို ရှာဖွေတွေ့ရှိသမျှ
ပူးတွဲဖော်ပြအပ်ပါသည်။


**မင်းပြားမင်းသိန်းဖံ**














[illegible]


























***ဓါတ်ပုံ(၁၇)၊*** မြောက်ဦးမြို့ တေဇာရာမကျောင်းမှ စတူပါ



***ဓါတ်ပုံ(၁၈)*** ၊ ကျောက်တော်မြို့နယ်မှ စတူပါ



*ဓါတ်ပုံ(၁၉)၊* ကျောက်တော်တောင်မှ စတူပါ




***ဓါတ်ပုံ(၂၀)၊*** ကျောက်တော်မြို့နယ် မီးချောင်းဝမှ စတူပါ





































































***ဓါတ်ပုံ(၅၁)*** ၊ ဆံတော်ရှင်ကျွန်းမှ စတူပါဖိနပ်ခုံ




*ဓါတ်ပုံ(၅၂)*၊ မင်းပြားမြို့နယ် စအင်းရွာဟောင်းမှ စတူပါ



***ဓါတ်ပုံ(၅၃)***၊ မင်းပြားမြို့နယ် စအင်းရွာဟောင်းမှ စတူပါ




*ဓါတ်ပုံ(၅၄)*၊ မင်းပြားမြို့နယ် စအင်းရွာဟောင်းမှ စတူပါ



***ဓါတ်ပုံ(၅၅)*** ၊ မင်းပြားမြို့နယ် စအင်းရွာဟောင်းမှ စတူပါ



***ဓါတ်ပုံ(၅၆)***၊ မင်းပြားမြို့နယ် စအင်းရွာဟောင်းမှ စတူပါ



***ဓါတ်ပုံ(၅၇)***၊ မင်းပြားမြို့နယ် စအင်းရွာဟောင်းမှ စတူပါ



***ဓါတ်ပုံ(၅၈)***၊ မြေပုံမြို့ အငူဓါတ်မှ စတူပါ



***ဓါတ်ပုံ(၅၉)*** ၊ မင်းပြားမြို့နယ် အိုးပုံတောင်ရွာမှ စတူပါ



***ဓါတ်ပုံ(၆၀)***၊ အမ်းမြို့နယ် ဒလက်တောင်ရွာမှ စတူပါ



















***ဓါတ်ပုံ(၆၉)*** ၊ အမ်းမြို့နယ် ဒလက်တောင်ရွာမှ စတူပါ




*ဓါတ်ပုံ(၇၀)*၊ ကျောက်ဖြူမြို့နယ်၊ တောင်ရင်းရွာဟောင်းမှ စတူပါ




*ဓါတ်ပုံ(၇၁)၊* ကျောက်ဖြူမြို့နယ်၊ ချောင်းနက်ရွာမှ စတူပါ



**ဓါတ်ပုံ(၇၂)**၊ ကျောက်ဖြူမြို့နယ်၊ ချောင်းနက်ရွာမှ စတူပါ




ဓါတ်ပုံ(၇၃)၊ မောင်တောမြို့နယ်၊ ဥဒေါင်းစေတီမှ စတူပါဖိနပ်




***ဓါတ်ပုံ(၇၄)***၊ ပလက်ဝမြို့နယ်၊ မီးမွေတော်ဓါတ်မှ စတူပါ



*ဓါတ်ပုံ(၇၅)၊* ဒုံးသိမ်ဘုရားအနီး နစကစခန်း ကင်းရုံ(ရေကန်အနီး)၌ သိမ်းဆည်းထားသော ဝေသာလီခေတ် စတူပါစေတီငယ်




မြေပုကျွန်း၊ ကြီးပြင်ရွာအနီး၌တွေ့ရသည့် စတူပါစေတီငယ်




*ဓါတ်ပုံ(၇၆)*၊ ရမ်းဗြဲမြို့နယ်၊ ထန်းပြိန်ရွာမှ စတူပါ












***ပန်းချီပုံ(ခ)***၊ စအင်းရွာမှ စတူပါ




*ပန်းချီပုံ(၈)၊* စအင်းရွာမှ စတူပါ




*ပန်းချီပုံ(ဃ)*၊ စအင်းရွာမှ စတူပါ




*ပန်းချီပုံ(င)*၊ စအင်းရွာမှ စတူပါ



***ပန်းချီပုံ(စ)၊*** နန်းကျားသိမ်မှ စတူပါ




***ပန်းချီပုံ(ဆ)***၊ ဒလက်တောင်ရွာမှ စတူပါ



***ပန်းချီပုံ(ဈ)***၊
မြောက်ဦးပရိယတ္တိကျောင်းမှ
စတူပါပန်းကွက်




***ပန်းချီပုံ(ဈ)***



***ပန်းချီပုံ(ည)***၊ ပန်းချီပုံ(ည)နှင့်(ဈ)သည် အမ်းမြို့နယ်၊
ဒလက်တောင်ရွာ စတူပါမှ မုခ်ဦးနှင့်ပန်းကွက်ပုံ




ကျောက်စာပုံ(က)




ကျောက်စာပုံ(ခ)



ကျောက်စာပုံ(ဂ)



***ပန်းချီပုံ(ဃ)***၊ အလျား(၁)ပေ၊ အနံ(၁၀)လက်မ၊ တောင်ကုတ်မြို့ အိုးထိန်းကျောက်စာ



***ပန်းချီပုံ(၄)*** ၊ မဟာမုနိပြတိုက်ဟောင်းတွင်တွေ့ရသော ခြသေ့်ရုပ်၊ ဆင်ရုပ်ပါ စတူပါ

# အခန်း (၇)
## သုံးသပ်ချက်

ဝေသာလီခေတ်တွင် ထုလုပ်ပူဇော်အသုံးပြုခဲ့ကြသော စတူပါကျောက်စေတီငယ်များကို လေ့လာ အောက်ဖော်ပြပါသမိုင်းအချက်အလက်အချို့ကို သုံးသပ်အဖြေထုတ်ယူနိုင်ပါသည်။

၁။ စတူပါတွင် ထုဆစ်ပါရှိသည့် ကျောက်ဆစ်လက်ရာများကို လေ့လာခြင်းအားဖြင့် ဝေသာလီခေတ်၏ အနုပညာရပ် (သို့မဟုတ်) ကျောက်ဆစ်အတတ်ပညာကို အကဲခတ်သိမြင်နိုင်စေခြင်း။

၂။ စတူပါများကို ရခိုင်ဒေသအနှံ့အပြားတို့၌ပျံ့နှံ့ တွေ့ရှိရပေရာ ယင်းသို့ကျယ်ပြန့်စွာတွေ့ရှိရခြင်းသည် ဝေသာလီခေတ်၏ နယ်ပယ်ကျယ်ဝန်းမှု အတိုင်းအတာကို သိမြင်နိုင်ခြင်း။

၃။ ယင်းနှင့်တဆက်တည်း ထိုနေရာတို့၌ စတူပါများကို တည်ထားကိုးကွယ်ခဲ့ကြပေရာ ယင်းနှင့်အတူ လူနေမှုစနစ် ကျယ်ပြန့်စွာရှိနေခြင်း၊ လူနေမှုစနစ်နှင့်ဆက်စပ် ကူးသန်းရောင်းဝယ်မှုတို့ ရှိနေခြင်း။

၄။ စတူပါတို့၌ ရေးထိုးထားသည့် (ယေဓမ္မာ)ဂါထာတော်ကို တွေ့ရှိရခြင်းအားဖြင့် ယင်းသည် မြတ်ဗုဒ္ဓ၏ တရားတော်အဆီအနှစ်ဖြစ်

သဖြင့် ဤဂါထာကို ကြားနာရသော ပုဂ္ဂိုလ်များအပေါင်းတို့သည် အ ကျွတ်တရားရရှိစေရန်ရည်ရွယ် ရေးထိုးသူတို့၏စေတနာ သဒ္ဓါတရား ကို သိမြင်နိုင်စေခြင်း။

၅။ စတူပါတစ်ခုတွင် 'အနတ 'ဆိုသော စကားကိုတွေ့ရသဖြင့် ဝေသာလီခေတ် ဗုဒ္ဓဘာသာသည် ထေရဝါဒဖြစ်သည်ကို အထောက် အကူပြုနေခြင်း။

၆။ စတူပါများ လှူဒါန်းခြင်းသည် ဘုရင်များသာမဟုတ်၊ ပြည် သူပြည်သား ဥပသကာတို့မှလည်း လှူဒါန်းခဲ့သည်ကို သိရှိနိုင်ခြင်း။

၇။ စတူပါများတွင်ပါရှိကြသော နံရံကပ်စေတီပုံများကို လေ့လာ ခြင်းအားဖြင့် ထိုခေတ်က စေတီပုထိုးများ ပုံသဏ္ဍာန်ကို လေ့လာရာ၌ အထောက်အကူပြုစေခြင်း ။

၈။ စတူပါများတွင် ရေးထိုးထားသည့် အက္ခရာသည် ဂုပ တအ က္ခရာဖြစ်နေ ယင်းတို့သည် ဝေသာလီခေတ်တွင် ထုလုပ်ခဲ့သည်ကို သိမြင်နိုင်စေခြင်း။

၉။ ဝေသာလီခေတ်က စတူပါလှူဒါန်းခြင်းသည် ဘုရားရှင်အား ရည်မှန်း သော်လည်းကောင်း၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန်ကို လည်းကောင်း ရည်ရွယ်လျက် လှူဒါန်းခဲ့သည်ကို သိရှိရခြင်း။

သို့ဖြစ်လျှင် စတူပါများကို လေ့လာခြင်းအားဖြင့် ဘာသာရေး၊ လူမှုရေး၊ အနုပညာတန်ဖိုး စသည်တို့ကို သိရှိခွင့်ရရှိကြပေရာ ရခိုင် တွင် တည်ရှိနေကြသော စတူပါ(ကျောက်စေတီ)ငယ်များသည် ဝေသာ လီခေတ်သမိုင်းကို လေ့လာဖော်ထုတ်ကြရာ၌ အရေးကြီးသော အခန်း ကဏ္ဍတစ်ရပ်မှ ပါဝင်လျက်ရှိနေကြောင်းကို မှတ်ယူအပ်ပေသတည်း။

# အခန်း (၈)
## နိဂုံး

ယနေ့ရခိုင်ဒေသတွင် တွေ့မြင်နေကြရသော စတူပါကျောက်စေတီငယ်များသည် ရခိုင်လူမျိုးတို့၏ ရှေးခေတ်ကာလက ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှုနယ်ပယ်ထဲ၌ ထင်ရှားပါဝင်ခဲ့သော သာသနိကအထိမ်းအမှတ်တစ်ခု ဖြစ်ပါသည်။

ထိုစေတီငယ်များကို အေဒီ ၄–ရာစုမှ ၈–ရာစု ကာလအတွင်း၌ ထုလုပ် ပူဇော်ခဲ့ကြခြင်းဖြစ်ပေရာ ယနေ့အထိဆိုလျှင် နှစ်ပရိစ္ဆေဒအားဖြင့် ၁၃၀၀–၁၅၀၀ ဝန်းကျင်အထိ ကြာမြင့်ခဲ့ကြပြီ ဖြစ်ပါသည်။

အေဒီ ၄–ရာစုမှ ၈–ရာစုအထိ ထွန်းကားတည်ရှိနေခဲ့ဖူးသော ရခိုင်ပြည်မှ ရှေးခေတ်ဝေသာလီသားတို့သည် စတူပါကျောက်စေတီငယ်များကို ထုလုပ်လျက် ပူဇော်မှုကို ပြုခဲ့ကြသည်။ မြတ်ဗုဒ္ဓအားလည်းကောင်း၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံရန်အတွက်ကိုလည်းကောင်း ရည်ရွယ်လျက် စတူပါများကို လှူဒါန်းခဲ့ကြသည်။

သမိုင်းအထောက်အထားအရ ဝေသာလီခေတ်ကုန်ဆုံးပြီးနောက်တွင် အဆိုပါစတူပါ တည်ထားပူဇော်မှုသည် မှေးမှိန်လာခဲ့သည်။ ယနေ့

အခါ ရခိုင်ပြည်သူပြည်သားများတို့သည် ရှေးယခင်က ကိုးကွယ်ပူဇော်ခဲ့ကြသော စတူပါကျောက်စေတီငယ်များကို ဆက်လက်ကိုးကွယ်ပူဇော်မှု မပြုလုပ်ကြဘဲ လျစ်လျူ ထားကြသည်။

ဤစတူပါကျောက်စေတီငယ်ကလေးများမှာ ရှေးခေတ်ရခိုင်လူမျိုးတို့၏ ဗုဒ္ဓဘာသာကိုးကွယ် ယုံကြည်မှု၌ အမှန်တကယ်ရှိခဲ့ကြောင်းကို သိမြင်နိုင်ကြသည်ဖြစ်ပေရာ ဤရှေးဟောင်းကျောက်စေတီငယ်များကို မြတ်ဗုဒ္ဓ၏ သာသနိက အထိမ်းအမှတ်တစ်ခုအဖြစ် ဆက်လက်ကိုးကွယ်သင့်ပေသည်။

နိဂုံးအနေဖြင့် ယနေ့ရခိုင်ပြည်နယ်အရပ်ရပ်တွင် တွေ့ရှိနေကြရသော စတူပါငယ်များကို အခြားသော စေတီပုထိုးများကဲ့သို့ ရည်မှန်းကြည်ညိုခြင်း၊ ပူဇော်ခြင်း၊ ကန်တော့ခြင်းတို့ကို ဆက်လက် တိုးပွားဆောင်ရွက်နိုင်ကြပါစေဟူ ဆန္ဒမွန်ပြုလိုက်ရပါသည်။

လေးစားစွာဖြင့် ---

**မင်းပြားမင်းသိန်းဇံ**

ဝ၁၉၊ အောင်သစ ၁လမ်း
ပြည်တော်သာရပ်ကွက်
မင်းပြားမြို့။
၂၀ဝ၂–ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်
တနင်္ဂနွေနေ့ ရေးပြီး၏ ။

**ကျမ်းကိုးစာရင်း**


၁။ **ဆရာတော်ဦးကိတိ**
– အိန္ဒိယကြေးမုံကျမ်း (စာ ၁၅၀ မှ)

၂။ **အရှင်ကောသလ္လ(ဂဝေသီ)**
– ရခိုင်စာပေခရီး
(စာ–၈၆၊၈၇၊၈၈၊၈၉၊ ၉၆၊၉၇၊၉၈၊၉၉၊၁၀၀၊၁၀၁၊၁၀၂ မှ)

၃။ **ဦးစံသာအောင်**
– အာနန္ဒစန္ဒြ ရှစ်ရာစုဝေသာလီမင်း (စာ ၁၃၈ မှ)

၄။ **ဦးစံသာအောင်**
– အေဒီ(၁၀၀၀)မတိုင်မီက ရခိုင်ပြည် ဗုဒ္ဓသာသနာ
(စာ–၃၀၊၃၁၊၃၂ မှ) (ရခိုင်ပြည်နယ် စာစောင်အမှတ်–၉)

၅။ **ဦးစံသာအောင်**
– အေဒီ ခြောက်ရာစုမတိုင်မီက ရခိုင်ပြည်သုံးအက္ခရာ
(စာ–၁၀၇ မှ)

၆။ **မင်းပြားမင်းသိန်းဖုံ**
– ရခိုင်မှစတူပါကျောက်စေတီငယ်များ
နတ်မြစ်မဂ္ဂဇင်း (စာ–၁၁၁၊၁၁၂၊၁၁၃၊ ၁၁၄ မှ)

၇။ **U San Tha Aung**
- The Buddhist Art of Ancient Arakan (P.16.17.18.19)

## စတူပါနှင့်ပတ်သက်၍ ရေးသားတင်ပြခဲ့ဖူးကြသော ဆောင်းပါးနှင့် စာအုပ်အညွှန်း

**မြန်မာဘာသာ**

၁။ **ဦးဦးသာထွန်း**
– *ဆံတော်ရှင်ဘုရားသမိုင်း*

၂။ **မောင်ဗသိန်း**
– *ပေါက်တောမြို့နယ်မှ ဝေသာလီခေတ် အထောက်အထား ရခိုင်ဝန့်ဖူးအမှတ် (၂)*

၃။ **မောင်ဗသိန်း**
– *စတူပါသုတေသနအဖြည့် ၊ ရခိုင်မဂ္ဂဇင်း အမှတ်(၈)*

၄။ **မောင်ဗသိန်း**
– *ဒုံးသိမ်အကာ(သို့)စန္ဒြဝိဇယရာဇာ ကုသိုလ်တော် စိုင်းတင်မဂ္ဂဇင်း အမှတ်(၁)*

၅။ **သူနန္ဒြာ**
– *ဆရာကြီးဦးစံသာအောင်နှင့် ကျောက်စေတီထုပါငယ် ရခိုင်မဂ္ဂဇင်း အမှတ်(၇)*

၆။ **ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ)**
– *ဗုဒ္ဓအနုပညာလက်ရာ*

၇။ **ဦးသန်းမြင့်**
– *ဦးရာဇ်မြေမှ ဝေသာလီခေတ် စတူပါစေတီနှစ်ဆူ ဦးရာဇ်မြေမဂ္ဂဇင်း အမှတ်(၃)*

၈။ **ပြည်နယ်ကောင်စီ**
– *ပြည်နယ်ဖြစ်စဉ်သမိုင်း (ယဉ်ကျေးမှုကဏ္ဍ)*

၉။ **မင်းပြားမင်းသိန်းဖေ**
*– မင်းပြားမြို့နယ်မှ ဝေသာလီခေတ် အထောက်အထား ရခိုင်ဂွန်ဖူး အမှတ် (၄)*
၁၀။ **မင်းပြားမင်းသိန်းဖေ**
*– ရခိုင်မှစတူပါကျောက်စေတီငယ်များ နတ်မြစ်မဂ္ဂဇင်း အမှတ် (၁)*
၁၁။ **ကိုရက္ခ (မြေပုံ)**
*– မြေပုံမြို့နယ်အတွင်းက သမိုင်းဝင်မြို့ရွာများ၊ ရတနာမြေပုံမဂ္ဂဇင်း အမှတ်(၂)*
၁၂။ **မင်းမျိုးသိန်း(ကာတောကန်)**
*– မီးမွေတော်ဓါတ်စေတီမြတ်သို့၊ မောရမြေမဂ္ဂဇင်းအမှတ် (၁)*
၁၃။ **ကျောက်ဖြူထွန်းသန္တာ**
*– ဝက်ခေါင်းရွာမှ စတူပါ၊ ရတနာမြေပုံမဂ္ဂဇင်း အမှတ် (၃)*

**အင်္ဂလိပ်ဘာသာ**

1. **U San Tha Aung**
*- The Buddhist Art of Ancient Arakan*
2. **Oung Hla Thein**
*- A Visit to Miniature Stupas of SA-Ong.*
3. **Dr. P. Gutman**
*- Ancient Arakan (Ph.D.Thesis)*
4. **Ah Lonn Maung**
*- Some Stupas from Ponna Gyun Area.*

မှတ်ချက်။ ။ အထက်ဖော်ပြပါဆောင်းပါး၊ စာအုပ်များ၌ စတူပါအကြောင်းများ ရေးသားပါရှိသည်။ သုတေသီများ ရှာဖွေလေ့လာဖတ်ရှုနိုင်ရန် ဖော်ပြအပ်ပါသည်။

## စေတီအစ၊ စတူပါက

– (၁) –

ထူပ(သ ူပ)၊ စတူပါ(STUPA)၏ အဓိပ္ပါယ်ရေ စေတီပင်ဖြစ်တေ။ 'ထူပါ–ဟူသောပုဒ်သည် ဗိသုကာနှင့်ဆိုင်သော ဝေါဟာရဖြစ်လေသည်'လို့ ဆရာကြီးတိုက်စိုးက ဆိုဖူးပါရေ။ အိန္ဒိယပြည်မှာ ဂေါတမဗုဒ္ဓ ပွင့်တော်မမူခင်ကပင် သူတော်သူမြတ်တိ၊ ပြည်ရွာအကြီးအကဲတိ ကွယ်လွန်ကေ မီးသင်္ဂြိုဟ်ဗျာ၊ ပြာကို မြ ုပ်နှံကုန်းဖို့ ထားတတ်ကတ်တေ။ ယင်းကုန်းကို 'စေတိယ၊ စေတီ'လို့ ခေါ်ကတ်တေ ဆိုပါရေ။

'စတူပါ'ဆိုရေ ကျောက်တုံးစေတီသေ့ျစွာ 'ဓမ္မစေတီတော်' ဖြစ်ကြောင်းကို ဆရာကြီးဦးစံသာအောင်က စတင်ဖော်ထုတ်ခပါရေ။ ဆရာကြီးရေ ကျောက်တော်ဖက်သို့ ကွင်းဆင်းသုတေသနလုပ်တေခါ

'ယေဓမ္မာ' ဂါထာထိုး ကျောက်စေတီသျှေတစ်လုံးကို တွိပါလတ်။ မီး ကြည့်ရေခါ၊ စေတီကြီးပြိုကျစွာက ထွက်ကျလာရေလို့ ဒေသခံတိက ဖြေကတ်တေဆိုပါရေ။ ယင်းအဖြေက ဆရာကြီးကို အမြင်သစ်တစ် ခုရစီပါရေ။ ဇာအမြင်လေးဆိုပါကေ 'စေတီကြီးတည်ရေ ကုသိုလ် သျှင်တိရေဒေ 'ယေဓမ္မာ' ဂါထာထိုး ကျောက်စေတီသျှေကို ဌာပနာထား စွာဖြစ်နိုင်ရေ။ ယင်းပိုင်ဌာနာန္တာရေ ဗုဒ္ဓ၏တရားတော်(ဓမ္မ)ကို ကိုးကွယ် ရာအဖြစ် ဌာပနာစွာပင်ဖြစ်တေ' ဆိုရေ အမြင်သစ်ပါ။ ယင်းအမြင်နန့် ကျောက်တော်ဖက်မာတွိရေ 'ယေဓမ္မာ' ဂါထာထိုး ကျောက်တုံးသျှေကို 'စတူပါ' စေတီအဖြစ် ဆရာကြီးက သတ်မှတ်တင်ပြခပါရေ။

– (၂) –

ဆရာကြီး၏ 'စတူပါ' ဖော်ထုတ်မှုကို အကျွန်ုပ်ဖတ်ရရေခါ ကိုယ့် ဝန်းကျင်မာဟိရေ ကျောက်ဆစ်လက်ရာပါ ကျောက်တုံးတိကို ဂရုစိုက် ကြည့်မိပါရေ။ မြို့ငူကျွန်းဆံတော်ရှင် စေတီတောင်ဖက်မာ သိမ်တော် ရာလို့ ဟိပါရေ။ သိမ်တိုင် (၁၀)လုံးလောက်ပင် ဟိပါဖို့။ ဆရာကြီးစာ ကိုဖတ်ပြီးရေခါ 'အေသိမ်တိုင်တိစွာ စတူပါနန့်တူရေကာ' လို့ စိစစ်ကြည့် တတ်လာပါရေ။ ဆံတော်ရှင်စေတီတော်ဝန်းကျင် (မြို့ငူကျွန်းအနောက် ဖက်ကမ်း)မာ ယင်းပိုင်စေတီသျှေတိကို ထပ်လို့ တွိပါထော။ အရှိဖက် ကမ်းမာလေး တွိပါသီးယင့်။ ယေဖူးနန့် သိမ်တော်ရာက သိမ်တိုင် ဆိုစွာတိရေ သိမ်တိုင်မဖြစ်နိုင်။ ကျောက်တုံးစေတီသျှေ 'စတူပါ' ရာ ဟိလီဖို့လို့ မှတ်ယူလိုက်ပါရေ။

ယင်းအကြောင်းတိကို အေစာရီးသူက 'ဆံတော်ရှင် စေတီတော် သမိုင်း' မာ မှတ်တမ်းတင် ဖော်ပြဖူးခပါရေ။ သုတေသီအောင်လှသိန်း၊

ဦးအလုံးမောင်၊ ဦးသန်းမြင့်၊ ကိုရက္ခ(မြေပုံ)၊ မင်းမျိုးသိန်းနို့လေးသော့ ဖော်ထုတ်တင်ပြလီကတ်တေ။

အေပိုင် တင်ပြနိုင်ခကတ်စွာရေ သုတေသီပညာသျှင် ဦးစံသာအောင်၏ ဖော်ထုတ်မှုကြောင့်ပါ။ မီးတစ်တိုင်က မီးတိုင်သစ်တိ ညှိယူနိုင်ရေပိုင် စတူပါစေတီသျှေတိကို ဒေသခံသုတေသီတိက ထိုမာလေးတွိ၊ ဒေမာလေးတွိကြောင်း မြို့နယ်မဂ္ဂဇင်းအသီးသီးမာ တင်ပြနိုင်ခကတ်စွာပါ။

– (၃) –

ဆရာကြီးဦးစံသာအောင်ကစလို့ စတူပါစေတီသျှေတိအကြောင်းကို ပုဂ္ဂိုလ်အသီးသီးက လက်ဆင့်ကမ်းသဘောနန့် တင်ပြခကတ်စွာမာ သုတေသနစီမံချက်နန့် တင်ပြခစွာမျိုးမဟုတ်။ ဒေသခံတိ သတင်းပီးစွာကိုအခြီခံဗျာ ကွင်းဆင်းမှတ်တမ်းတင်ကတ်စွာက များပါရေ။ ယင်းပုဂ္ဂိုလ်တိနန့်မတူပဲ စီမံချက်ဆွဲဗျာ ရခိုင်ပြည်နယ်တခွင် ပြံပြံစင်အောင် အပင်ပန်းခံ ခရီးလားမှတ်တမ်းတင်သူကတော့ခါ မင်းပြားမင်းသိန်းဇံပင် ဖြစ်ပါရေ။

သူ့ထူးခြားချက်က ကိုယ်ပိုင်သုတေသနအလုပ်ကို ကွင်းဆင်းဆောင်ရွက်တောင်မက၊ မူလဖော်ထုတ်ပြီးသား စတူပါတိ တည်ဟိရာသို့လေး ရောက်အောင်လားစွာဖြစ်ပါရေ။ မူလအဆိုကို ကိုယ်တွိသုတေသနနန့် အတည်ပြုပီးဖြစ်တေ။ မျက်မြင်ကိုယ်တွေ့ ဖြစ်ဖို့အတွက် သူ အချိန်ပီးရရေ။ ဖေသာအကုန်အကျ ခံရရေ။ မြစ်ချောင်းတောတောင်ပေါ်ရေ ရခိုင်ပြည်နယ်အနှံ့ ရီတတန်၊ ကုန်းတတန်။ တောင်တက်ခါတက်၊ ခြီကျင်လျှောက်ခါလျှောက်။ စက်ဘီးတစ်ခါ၊

လောင်းနန့်တလှည့်– အဆင်သင့်ရေပိုင် ခရီးလားရရေ။ ထမင်းလတ်ခါလွတ်။ ညဥ့်ကဖက် ထမင်းကို ညဇာဖက် ပေါင်းစားခါစား။ ယင်းပိုင် ဇောကောင်းကောင်းနန့် အပင်ပန်းအဆင်းရဲခံဗျာ သုတေသန လုပ်ခရရေလို့ သိရပါရေ။ ယင်းပိုင် ဇောကောင်းကောင်းနန့် အပင်ပန်းအဆင်းရဲခံဗျာ သုတေသနလုပ်ခရရေလို့ သိရပါရေ။ ယင်းပိုင်ဇောထုတ်မှု အသီးအပွင့်အဖြစ်အရ တင်ပြရေ 'ရခိုင်စတူပါ (ကျောက်စေတီ)ငယ်များ' စာအုပ်ကို စာဖတ်သူ့ုရှိမှောက် တင်ပြနိုင်စွာဖြစ်ပါရေ။

– (၄) –

သုတေသီ မင်းပြားမင်းသိန်းဖုံ၏ တင်ပြချက်တိကို ဖတ်ကြည့်ရေခါ စတူပါကျောက်စေတီသျှေတိစွာ ရခိုင်ပြည်နယ်အနှံ့မာဟိကြောင်း သိလာရပါရေ။ မြို့နယ် (၁၇)မြို့နယ်ထဲက (၁၄)မြို့နယ်မာ တွိရရေအတွက် ဝေသာလီခေတ်မာ ရခိုင်တပြည်လုံး စတူပါစေတီကိုးကွယ်မှုဝလေ့ ဟိလီဖို့လို့ မှတ်ယူနိုင်မေထင်ပါရေ။ ဝေသာလီခေတ်စွာ အေဒီ (၄)ရာစုကပင် ထွန်းကားခရေလို့ အာနန္ဒစန္ဒြကျောက်စာအရ သိရပါရေ။ ယေကေ လွန်ခရေနှစ်ပေါင်း (၁၆၀၀)လောက်ကပင် စတူပါကျောက်စေတီသျှေတိ ထုဆစ်ကိုးကွယ်မှုအလေ့ဟိလီဖို့လို့ တထစ်ကျ ပြောနိုင်ပါဖို့ကာနှမ်း။ ယင်းခေတ်မာ တကယ်လို့ စေတီကြီးတိ တည်ထားကိုးကွယ်ရေအလေ့ မဟိသီးဆိုကေ၊ ဝေသာလီခေတ် စတူပါစေတီသျှေတိစွာ မြောက်ဦးခေတ် လေးမျက်နှာ၊ သျှစ်သောင်း ပုထိုးုံ့ပိုင် စေတီကြီးတိအတွက် နမူနာပင် ဖြစ်လီဖို့လို့ ထင်ရပါရေ။ ဆရာကြီး ဦးစံသာအောင်ကလေးသော့ ယင်းပိုင် ယူဆခပါရေ။ စတူ

ပါပုံစံကိုယူလို့ လေးမျက်နှာသျှစ်သောင်း၊ ထုက နံသိမ်ပုထိုးတိကို တည်စွာပါလတ်။ ယင်းအယူအဆကို ဆုပ်ကိုင်ဗျာဆောင်ပုဒ် တစ်ခု ထုတ်ရကေ 'စေတီပုထိုးအစ၊ စတူပါက' လို့ ဆိုနိုင်ပါဖို့။

နောက်ဆုံးတစ်ခု ပြောချင်ပါသီးရေ။ စတူပါစေတီသျှေတိရေ ဝေသာလီခေတ် ထွန်းကားရေခါ ထုဆစ်ကိုးကွယ်ခစွာတိဖြစ်လို့၊ ယင်း စေ တီသျှေတိတည်ဟိရေ မြို့နယ်တိစွာ ဝေသာလီပိုင်နက်ထဲမာ ကေန် မုချပါလီဖို့လို့ ပြောနိုင်ပါရေ။ ယေဖူးနန့် ဝေသာလီပိုင်နက် မြီပုံဆွဲဖို့ ဆိုကေ ယင်းစေတီသျှေတိက နယ်နိမိတ်မှတ်တိုင်တိပိုင် သက်သီခံနိုင် ရေလို့ ဆိုချင်ပါရေ။ သုတေသီမင်းပြားမင်းသိန်းဖံစွာ ကိုးကွယ်မှု သုတေသနလုပ်ယပ်ပင်း ဝေသာလီသမိုင်းသစ်အတွက် မြီပုံသစ်တစ် ခုကိုလေးသော့ မရည်ရွယ်ပဲ ဆွဲမိလျက်သားဖြစ်လားရေကားလို့ ချီး မြေ ာက်စကား ဆိုပါရစီ။

**မောင်ဗသိန်း**

၂၃–ဩဂုတ်၂၀၀၃

## ထုတ်ဝေသူ အမှာစာ

လူမျိုးတစ်မျိုး ဖွံ့ဖြိုးတိုးတက်မှုရေ ယင်းလူမျိုး ယုံကြည်ကိုးကွယ်ရေ ဘာသာအပေါ်မှာလေ့ အခြေခံကျရေလို့ ရှိပညာသျှင်တိရီးသားပြောဆိုစွာတိကို မှတ်သားလေ့လာ ဖူးပါရေကာ။ ကျွန်တော်ို့ ရခိုင်လူမျိုး အတိတ်သမိုင်းဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကတ်ဖို့ဆိုပါရေ ကျွန်တော်ို့ ကိုးကွယ်ယုံကြည်နီရေ ထေရဝါဒဗုဒ္ဓဘာသာ သမိုင်းနန့် ရခိုင်သမိုင်းကိုလေ့ ဆက်စပ်လေ့လာကြည့်ဖို့ လိုပါဖို့ကာနှန်း။

ဆရာကြီး ဦးဦးသာထွန်း၊ ဆရာကြီး ဦးစံသာအောင်၊ ဆရာကြီး ဦးမောင်ဗသိန်း အစဟိရေ ရခိုင်ပညာဟိုု့ရေ ရခိုင်စတူပါအကြောင်းကို ဖော်ထုတ်ရီးသား မီးမောင်းထိုးပြကတ်တေအခါ ကျွန်တော် ရခိုင်စတူပါ ကျောက်စေတီတိအကြောင်းကို စိတ်ဝင်တစား ဖြစ်ခဖူးပါရေ၊ အသျှေခါ

က  နီထိုင်ခဖူးရေ မြောက်ဦးမြို့ဟိ လွင့်စင်ပြန့်ကြဲနိန်ရေ ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်တိုင်တိလို့ ထင်မှတ်မှားခရေ အရာတိစွာ ရခိုင်ကိုးကွယ်မှု သမိုင်းထဲက စတူပါကျောက်စေတီတိ ဖြစ်နီစွာကို အံ့သြကောင်းထမှန်း သိရပါရေ။

မြောက်ဦးမြို့ဟိ စေတီပုထိုးအမျိုးမျိုးရို့ အုတ်နံရံ၊ ကျောက်နံရံတိမှာ ထွင်းထုထားရေ ကျောက်ထွင်းပန်းချီပုံတိ အများကြီးမြင်တွိဖူးကေလေ့၊ စတူပါမှန်း၊ ကျောက်စေတီငယ်မှန်း လုံးဝမသိခဖူးပါ။

ဒေကနိန့် မင်းပြားမင်းသိန်းဖံ ရီးရေ ''ရခိုင်စတူပါ ကျောက်စေတီငယ်များ''စာအုပ်ကို ဖတ်ကြည့်မိရေခါ ရခိုင်စတူပါကျောက်စေတီငယ်များအကြောင်း အပြည့်အစုံနန့် ရခိုင်ပြည်တနံတလျားမှာ ကျန်ဟိနီရေ ရခိုင်စတူပါကျောက်စေတီငယ်များ စာရင်း ယင်းကျောက်စေတီငယ်များ တည်နီရာအတိအကျကိုပါ သိနိုင်ပါရေ။

ရခိုင်လူမျိုးရို့၏ ကိုးကွယ်မှုဗုဒ္ဓဘာသာသမိုင်းကို လေ့လာရေနေရာမှာ အထောက်အကူ ဖြစ်စီဖို့နန့် စာရီးဆရာ မင်းပြားမင်းသိန်းဖံ၏ ကြိုးပမ်းအားထုတ်မှုကို ဂုဏ်ပြုပနာဒေစာအုပ်ကို ထုတ်ဝီလိုက်ပါယင့်။

**ရခိုင်လှမြင့်**

**၂၄-၁၀-၂၀၀၃**

# ရခိုင်စတူပါကျောက်စေတီငယ်များ

H



တွေ့ရှိရသမျှသော စတူပါများထဲတွင်
အစိတ်အပိုင်း အပြည့်စုံဆုံးသော စတူပါ